ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ပဉ္စမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၁၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၈ - ၅ - ၂၀၂၀ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေးနှင့် ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦး၊

ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းသည့် မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရေနံမရဲစခန်းနှင့် လက်ပံတံခါးရဲစခန်းတို့ အတွက် ဝန်ထမ်းအိမ်ရာ အဆောက်အအုံအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၈။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍ ကပ်ကြီး(၃)ပါး ကျော်လွှားနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သလိုက် ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီနေ့ မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရေနံမရဲစခန်းနှင့် လက်ပံတံခါးရဲစခန်းတို့ အတွက် ဝန်ထမ်းအိမ်ရာအဆောက်အအုံအား ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင် ပါရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရေနံမကျေးရွာ ရဲစခန်းဟာ ၁၉၆၁ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ဆောက်ခဲ့ပါတယ်။ စခန်းရဲ့ အကျယ်အဝန်းမှာ (၂.၆)ကေရှိ၍ ရဲအုပ်(၁)ဦး၊ ဒုရဲအုပ်(၄)ဦး၊ တပ်ကြပ်ကြီး(၄)ဦး၊ တပ်ကြပ် (၅)ဦး၊ ဒုတပ်ကြပ်(၃)ဦး၊ ရဲတပ်သား(၁၇)ဦး၊ စုစုပေါင်း(၃၄)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ၎င်းရဲစခန်းအတွင်း အဆောက်အအုံများမှာ စခန်းရုံး(အချုပ်ခန်း)ပါ (၁)ထပ်၊ လုံးချင်း (၁)ထပ်၊ (၂)ခန်းတွဲ (၁)ထပ်၊ (၄)ခန်းတွဲ (၁)ထပ်၊ (၆)ခန်းတွဲ (၁)ထပ် ရှိပါတယ်။ ရေနံမရဲစခန်းကြီးရဲ့ အပိုင်း စခန်းခွဲများမှာ ရှမ်းတပ်ရဲကင်းနှင့် ရွှေချောင်းရဲကင်းများဖြစ်ပါတယ်။ ၎င်းပိုင်တဲ့ ဧရိယာမှာ (၅၃၄.၇) စတုရန်းမိုင်ဖြစ်ပါတယ်။ ထိစပ်နေသည့် နယ်နိမိတ်များမှာ တောင်ဘက်တွင် မင်းတုန်းမြို့နယ်၊ မြောက်ဘက်တွင် ငဖဲမြို့နယ်၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ်ဖြစ်တဲ့ အမ်းမြို့နယ်များဖြစ် ပါတယ်။ ရေနံမ ရဲစခန်းပိုင်အုပ်စုများမှာ ကျေးရွာအုပ်စု (၂၁)အုပ်စုနှင့် ကျေးရွာပေါင်း (၄၇)ရွာ၊ လူဦးရေ (၄၆၅၈)ဦးရှိသော စခန်းဖြစ်ပါတယ်။

ထို့အတူ မင်းလှမြို့နယ်၊ လက်ပံတံခါးရဲစခန်းမှာလည်း ၁၉၆၁ ခုနှစ်တွင် တည်ဆောက် ဖွဲ့စည်းခဲ့သော စခန်းဖြစ်၍ မင်းလှမြို့နယ် အဆုံးတွင်တည်ရှိပြီး အနောက်ဖက်မှာ ရခိုင်ပြည်နယ်ရဲ့အစပ်

အမ်းမြို့နယ်၊ တောင်ဘက် မင်းတုန်းမြို့နယ်၊ မြောက်ဘက် ငဖဲမြို့နယ်နှင့် ထိစပ်လျက် အရှေ့ဘက် မင်းလှမြို့နယ် ရေနံမစခန်းနှင့် မိုင်(၂၀)ကွာဝေးပြီး ပုသိမ်-မုံရွာကားလမ်း အနောက်ဘက် (၈)မိုင် (၁)ဖာလုံကွာဝေး၍ နယ်စပ်နယ်ကြားရဲစခန်းလည်း ဖြစ်ပါတယ်။ စခန်းတွင် ဒုရဲအုပ်(၁)ဦး၊ ရဲတပ်ကြပ်(၁)ဦး၊ ဒုတပ်ကြပ်(၁)ဦး၊ ရဲတပ်သား(၈)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အထက်ပါ ရေနံမရဲစခန်းနှင့် လက်ပံတံခါးရဲစခန်းဟာ ၁၉၆၁ ခုနှစ်ကတည်းက တည်ဆောက်ခဲ့သောကြောင့် ယခုဆိုလျှင် နှစ်ပေါင်း(၆၀)နှစ်ကြာခဲ့ပါပြီ။ ဝန်ထမ်းအဆောက်အအုံများဟာ ကျေးရွာအုပ်စုတွေမှာရှိတဲ့ သစ်ဝါးတွေနဲ့ နှစ်စဉ်စုဆောင်းပြီး ဆောက်လုပ်မွမ်းမံပေးရပါတယ်။ နှစ်ကာလကြာတဲ့အခါမှာ ယိုယွင်းပျက်စီးခဲ့သဖြင့် ယခုအချိန်မှာ ရဲတပ်သားများဟာ ကိုယ်တိုင်ပြုပြင် မွမ်းမံနေခဲ့ကြရ ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point ပြသခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်ရှင်။ အဲဒါကတော့ ရေနံမရဲစခန်းဖြစ်ပါတယ်။ အဲဒါကတော့ ရဲစခန်းမှာနေတဲ့ ဝန်ထမ်းအိမ်ရာဖြစ်ပါတယ်။ ဒါလည်း ဝန်ထမ်းအိမ်ရာဖြစ်ပါတယ်။ အဲဒါကတော့ စခန်းမှူးနေတဲ့ အိမ်ရာဖြစ်ပါတယ်။ အဲဒါလည်း ဝန်ထမ်းအိမ်ရာ။ နောက်တစ်ခါ ဒါကတော့ လက်ပံတံခါးရဲစခန်းဖြစ်ပါတယ်။ ရဲစခန်းကို ဝင်တဲ့အဝင်က ကျွန်းပင်လေးတွေဖြစ်ပါတယ်။ မြင်ရတဲ့အိမ်လေးကတော့ စခန်းမှူး ဒုရဲအုပ်နေတဲ့အိမ်လေးဖြစ်ပါတယ်။ အဲဒီတော့ ဝန်ထမ်းအိမ်ရာများ၊ ဒါတွေကတော့ ဝန်ထမ်းတွေနေတဲ့ အိမ်ရာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ မြင်တွေ့တဲ့အတိုင်းပါပဲ။ စခန်းဟာဆိုရင် တော်တော်လေးကို သစ်ဝါးတွေကလည်း ရှားပါးလာသဖြင့် အပြည့်အစုံလုံလောက်မှုမရှိတော့ပါဘူး။ ဒါကြောင့် လက်ပံတံခါးရဲစခန်းနှင့် ရေနံမရဲစခန်းတို့ကို ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မင်းလှမြို့နယ်မှ ရေနံမနယ်မြေရဲစခန်း၏ မြင်ကွင်းပုံ (၃)



ရဲဝန်ထမ်းများ၏ နေအိမ် မြင်ကွင်းပုံ (ဒ-၁)




လက်ပံတံခါးရဲကင်းစခန်း (မင်းလှမြို့) မြင်ကွင်းပုံ (ဒ-၂)




**ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဆဘောင်းထယ်ကျေးရွာတွင် ရဲကင်းစခန်း ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၃။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသား


လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဒီနေ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဆဘောင်းထယ် ကျေးရွာ ရဲကင်းစခန်းအား ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်တဲ့ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မတူပီခရိုင်၊ ဆဘောင်းထယ်နယ်မြေရဲစခန်းကို ၁၉၆၃ ခုနှစ်တွင် ရဲတပ်ဖွဲ့ အင်အား (၁၅)ဦးဖြင့် ချထားပြီး ၁၉၆၅ ခုနှစ်တွင် လိုင်လင်းပီမြို့သို့ ပြောင်းရွှေ့ခဲ့ရပါတယ်။ ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ် လုံခြုံရေးရဲကင်း ပြန်လည်ချပေးခဲ့ပါတယ်။ (၂)နှစ်ကြာတဲ့အခါမှာ ပြန်လည် ရုပ်သိမ်းခဲ့ပါတယ်။ ထို့နောက် ၂၀၁၄ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ရဲတပ်ဖွဲ့ဝင်အင်အား (၈)ဦးဖြင့် ရဲကင်းစခန်းကို ပြန်လည်ချပေးခဲ့ပြီး ၇-၁-၂၀၁၉ ရက်နေ့တွင် အထက်မှ ညွှန်ကြားချက်အရ ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ ဆဘောင်းထယ်ကျေးရွာသည် အိန္ဒိယနယ်စပ်တွင်တည်ရှိပြီး အခြေခံပညာ အထက်တန်းကျောင်းနှင့် တက္ကသိုလ်ဝင်တန်းစာစစ်ဌာနရှိသော ကျေးရွာကြီးဖြစ်၍ တက္ကသိုလ် ဝင်တန်းစာမေးပွဲများနှင့် မေးခွန်းတိုက်များ လုံခြုံရေးအတွက်လည်း လိုအပ်တဲ့ ရဲကင်းစခန်း ဖြစ်ပါတယ်။ ထို့အပြင် ကာကွယ်ရေးဝန်ကြီးဌာန၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ခြေလျင် တပ်ရင်းမှ တပ်ခွဲစခန်း အခြေချသော ကျေးရွာလည်းဖြစ်ပါတယ်။ ယခုလက်ရှိတွင် ဆဘောင်းထယ် ကျေးရွာမှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သို့ ဝင်ရောက်တာဝန်ထမ်းဆောင်နေသော ရဲတပ်သား (၃၂)ဦးရှိပြီး နိုင်ငံအဝှမ်း၌ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ဆဘောင်းထယ်ကျေးရွာသည် အိန္ဒိယ-မြန်မာ နယ်စပ်ကျောက်တိုင်အမှတ် BP(၂၂)မှ (၂)မိုင်အကွာတွင် တည်ရှိသော နယ်စပ်ကျေးရွာဖြစ်ပါတယ်။ ဆဘောင်းထယ်ကျေးရွာသည် အမျိုးသားစီမံကိန်းမူကြမ်းတွင် ချင်းပြည်နယ်အစိုးရအဖွဲ့မှ နယ်စပ်ဈေး ဖွင့်လှစ်ရန် လျာထားသောနေရာ ဖြစ်ပါတယ်။ ထို့အပြင် ချင်းပြည်နယ်၊ ရေဒွာမြို့မှတစ်ဆင့် ဆဘောင်းထယ်ကျေးရွာနှင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်အထိ (၂၁)ပေအကျယ် ကားလမ်းလည်း ပေါက်ပြီးဖြစ်သောကြောင့် နယ်စပ်မှ ဝင်ရောက်လာသော မူးယစ်ဆေးဝါးများ၊ တရားမဝင်ကုန်သွယ် ရောင်းဝယ်သော တားမြစ်ပစ္စည်းများကို လုံခြုံစွာတားဆီးနိုင်ရေးအတွက် ဆဘောင်းထယ် ရဲကင်း စခန်းကို ပြန်လည်ချထားပေးရန် လိုအပ်လျက်ရှိပါတယ်။ ကျေးရွာတွင် ရဲကင်းစခန်းအတွက် ဧရိယာ (၅.၀၅)ကေပေါ်တွင် မြေဂရန်(၁၀၅/၁၀၆)လည်း ရရှိထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပေးရန် တောင်းခံအပ်ပါတယ် ခင်ဗျား။ ဒီဟာကတော့ ချင်းပြည်နယ်ရဲ့ မြေပုံဖြစ်ပါတယ်။ အနောက်ဘက်မှာ မြားနဲ့ပြထားတဲ့ နေရာက ကျွန်တော် အခုပြောတဲ့ ဆဘောင်းထယ်ကျေးရွာ ဖြစ်ပါတယ်။ နယ်စပ်ကျေးရွာလေးပါ။ ဒီဟာကတော့ ဆဘောင်းထယ် ရဲကင်းစခန်းရဲ့ ဆိုင်းဘုတ်တွေ ဖြစ်ပါတယ်။ ဒီဟာက ရဲကင်းစခန်း ပြန်လည်ရရှိနိုင်ရေးအတွက် တင်ပြထားသော မြို့နယ်၊ ပြည်နယ်အဆင့်ဆင့်ကို တင်ပြထားတဲ့

အမှုတွဲစာအုပ်ဖြစ်ပါတယ်။ ဒီဟာကတော့ မြန်မာ – အိန္ဒိယ နယ်နိမိတ် ကျောက်တိုင်ဖြစ်ပါတယ်။ ဒီကျောက်တိုင်ကနေ (၂)မိုင်အကွာမှာရှိတဲ့ နယ်စပ်ကျေးရွာလေးဖြစ်ပါတယ်။ ဒါကြောင့် လုံခြုံရေးအတွက် အင်မတန်လိုအပ်တဲ့ စခန်းကို ချထားရန် လိုအပ်တယ်ဆိုတာကို ကျွန်တော် တင်ပြတာဖြစ်ပါတယ်။ ဒီဟာက ဆဘောင်းထယ် ရဲကင်းစခန်းရဲ့ ပုံစံ(၁၀၅/၁၀၆)မိတ္တူဖြစ်ပါတယ်။ Power Point ရပါပြီ။ သို့ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အိန္ဒိယနယ်စပ်မှာရှိသော မတူပီမြို့နယ်၊ ဆဘောင်းထယ်ရဲကင်းစခန်းအား ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ချင်းပြည်နယ်မြေပုံ ပြပုံ (ခ)




ဆဘောင်းထယ် ရဲကင်းစခန်း၏ မြင်ကွင်းပုံ (ခ–၁)



မြန်မာ-အိန္ဒိယ နယ်နိမိတ်ကျောက်တိုင်၏ မြင်ကွင်းပုံ (ခ-၂)



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရာဇဝတ်မှု - မှုခင်းများ၊ ဒုစရိုက်မှုများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ကာကွယ်တားဆီးမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အသီးသီးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များ အသုံးပြုနိုင်ရန် အရည်အသွေးကောင်းမွန်သော 4 WD – Double Cab မော်တော်ယာဉ် အသစ်များကို လိုအပ်လျက်ရှိသော မြို့နယ်များသို့ ဖြည့်ဆည်း ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကိုကိုနိုင် က နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ယနေ့ အမျိုးသားလွှတ်တော်မှာ မေးမြန်းမယ့်မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရာဇဝတ်မှု - မှုခင်းများ၊ ဒုစရိုက်မှုများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ကာကွယ်တားဆီးမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အသီးသီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ အသုံးပြုနိုင်ရန်အတွက် အရည်အသွေးကောင်းမွန်သော 4 WD – Double Cab မော်တော်ယာဉ်အသစ်များကို လိုအပ်လျက်ရှိသော မြို့နယ်များသို့ ဖြည့်ဆည်းထောက်ပံ့ပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ မြို့နယ်အသီးသီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဟာ ဒေသတွင်း၊ မြို့နယ်အတွင်း၊ မြို့ပြအတွင်း၊ ရပ်ကွက်/ကျေးရွာများရဲ့ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားဥပဒေ စိုးမိုးမှုဆိုင်ရာလုပ်ငန်းများနဲ့ ဆက်စပ်ပတ်သက်တဲ့ လုပ်ငန်းမှန်သမျှကို နေ့စဉ်နှင့်အမျှ (၂၄)နာရီ ဂျူတီဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်လုပ်ကိုင်နေကြရပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ လူဦးရေ သန်း(၅၀)ကျော်နဲ့ လက်ရှိ ရှိနေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အင်အားဟာ လုံလောက်မှုမရှိတဲ့အတွက် ရဲလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှိတဲ့အားနဲ့ ကြိုးစားဆောင်ရွက်နေတာကိုလည်း နားလည်မိပါတယ်။ အဲဒီလို မိမိတို့ဒေသရဲ့ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေ၊ တရားဥပဒေစိုးမိုးမှုဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ အင်ပြည့်အားပြည့် ဆောင်ရွက်ရတဲ့ လုပ်ငန်းကိစ္စရပ်တွေ ပေါ်ပေါက်လာတဲ့အခါမှာလည်းကောင်း၊ နိုင်ငံတော်အကြီးအကဲခရီးစဉ်များ၊ အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်များ ရှိတဲ့အခါမှာလည်းကောင်း၊ ဒုစရိုက်လုပ်ငန်းများကို သွားရောက်နှိမ်နင်းရတဲ့အခါမှာလည်းကောင်း၊ တရားခံများကို ဖမ်းဆီးခေါ်ဆောင်၊ ပို့ဆောင်ရာမှာလည်းကောင်း အခြားရဲလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို အသုံးပြုဖို့အတွက် မရှိမဖြစ် အရေးတကြီးလိုအပ်နေတာကတော့ အရည်အသွေးကောင်းမွန်ပြီး အနည်းဆုံး လူ(၁၀)ဦးခန့် လိုက်ပါစီးနင်းနိုင်တဲ့ 4 WD – Double Cab မော်တော်ယာဉ်အသစ်များ အထူးလိုအပ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာမန်ရဲလုပ်ငန်းစဉ်များကို မော်တော်ဆိုင်ကယ်များဖြင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ပေမယ့် ခရီးဝေးကွာလွန်းခြင်း၊ ခရီးကြမ်းတမ်းလွန်းခြင်းနှင့် ရာသီဥတုကြမ်းတမ်းဖောက်ပြန်တဲ့ အခြေအနေတွေမှာတော့ အရည်အသွေးကောင်းမွန်တဲ့မော်တော်ယာဉ်များ အသုံးပြုနိုင်မှသာ ရဲလုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကလမ်းတွေ ယခင်ကထက် များစွာပိုမိုကောင်းမွန်ပြီး သွားလာမှုအဆင်ပြေလာပေမယ့် မိမိ မဲဆန္ဒနယ်မြေများဖြစ်ကြတဲ့ ကလေးမြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့ဟာ နယ်မြေကြီးမားကျယ်ပြန့်ပြီး တောတောင်ထူထပ်ပေါများကာ မိုးများတဲ့ ဒေသများဖြစ်တဲ့အတွက် ပြုပြင်ရမယ့် လမ်းတွေကျန်နေပါသေးတယ်။ ဒါကြောင့် အရည်အသွေးကောင်းမွန်ပြီး လမ်းကြမ်းမှာပါ အသုံးပြုနိုင်တဲ့ 4 WD – Double Cab မော်တော်ယာဉ်များ အသုံးပြုနိုင်ခြင်းဖြင့်သာ ဒေသတိုင်းရဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရာဇဝတ်မှု – မှုခင်းများ၊ ဒုစရိုက်မှုများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ကာကွယ်တားဆီးမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အသီးသီးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များ အသုံးပြုနိုင်ရန်အတွက် အရည်အသွေးကောင်းမွန်သော 4 WD – Double Cab မော်တော်ယာဉ်အသစ်များကို လိုအပ်လျက်ရှိသော မြို့နယ်များသို့ ဖြည့်ဆည်းထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသား

လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၉။**

**ဗိုလ်ချုပ်စိုးတင့်နိုင်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရဲတပ်ဖွဲ့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ ရေနံမနယ်မြေရဲစခန်း၊ လက်ပံတံခါးရဲကင်းစခန်း၊ ရွှေချောင်းရဲကင်းစခန်းနှင့် ရှမ်းတပ်ရဲ ကင်းစခန်း တို့ရှိပါတယ်။ ရေနံမနယ်မြေရဲစခန်းဟာ ရေနံမကျေးရွာအုပ်စု၊ ရေနံမ(တောင်)ကျေးရွာရှိ အခမဲ့ မြေလွှဲရရှိထားသော မြေဧရိယာ (၂.၈၆)ကေပေါ်တွင်လည်းကောင်း၊ လက်ပံတံခါး ရဲကင်းစခန်းဟာ လက်ပံတံခါးကျေးရွာအုပ်စု၊ လက်ပံတံခါးကျေးရွာရှိ အခမဲ့မြေလွှဲရရှိထားသော မြေဧရိယာ (၂.၈၉)ကေ ပေါ်တွင်လည်းကောင်း တည်ရှိပြီး လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါတယ်။

ရေနံမနယ်မြေရဲစခန်းတွင် ရဲစခန်း(အချုပ်ပါ)(၁)လုံး၊ လုံးချင်း နေအိမ်(၂)လုံး၊ (၂)ခန်းတွဲ (၃)လုံး၊ (၄)ခန်းတွဲ(၃)လုံး၊ ဓမ္မာရုံ(၁)လုံး စုစုပေါင်းအဆောက်အအုံ(၁၀)လုံးရှိပြီး နေအိမ်လိုင်းခန်း (၁၀)ခန်းရှိပါတယ်။ လက်ပံတံခါးရဲကင်းစခန်းတွင် ရဲစခန်း(အချုပ်ပါ) (၁)လုံး၊ လုံးချင်းနေအိမ် (၈)လုံး စုစုပေါင်း အဆောက်အအုံ (၉)လုံးရှိပြီး နေအိမ်လိုင်းခန်းများ (၈)ခန်းရှိပါတယ်။ ရေနံမ နယ်မြေ ရဲစခန်းနှင့် လက်ပံတံခါးရဲကင်းစခန်းရှိ အဆောက်အအုံများမှာ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်း ဆွေးမြည့်ကာ အမြင်တင့်တယ်မှုမရှိခြင်း၊ နေအိမ်လိုင်းခန်း လုံလောက်မှုမရှိခြင်း၊ ဖွဲ့စည်းပုံအင်အား အရ ရဲတပ်ဖွဲ့ဝင်အင်အား ထပ်မံဖြည့်တင်းပါက တပ်ဖွဲ့ဝင်များနေထိုင်ရန် နေအိမ်လိုင်းခန်းများ လိုအပ်မှုရှိပါတယ်။ ရေနံမနယ်မြေရဲစခန်းတွင် (၆)ခန်းတွဲ (၂)ထပ်(၁)လုံးနှင့် လက်ပံတံခါးရဲကင်း

စခန်းတွင် (၄)ခန်းတွဲ (၂)ထပ်(၁)လုံး ဆောက်လုပ်ရန် လိုအပ်လျက်ရှိပြီး ၎င်းအဆောက်အအုံများ ဆောက်လုပ်ပေးရန် မြေနေရာ လုံလောက်မှုရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရုံး၊ ရဲစခန်း၊ တပ်ရင်းတပ်ဖွဲ့များ၊ သင်တန်းကျောင်းများ၌ ယခင် ဆောက်လုပ်ခဲ့သည့် အဆောက်အအုံတချို့ဟာ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြည့်နေပြီ ဖြစ်၍ ခေတ်နှင့်လျော်ညီတဲ့ အဆောက်အအုံများ အစားထိုးဆောက်လုပ်ရန်နှင့် တိုးချဲ့ဖွဲ့စည်းလာ သည့် တပ်ဖွဲ့များအတွက် အဆောက်အအုံများ ထပ်မံလိုအပ်လာပါတယ်။ ၎င်းလိုအပ်ချက်များအား ဦးစားပေးအစီအစဉ်လိုက် ဆောက်လုပ်နိုင်ရေးအတွက် နှစ်စဉ် ဘဏ္ဍာငွေတင်ပြတောင်းခံသော်လည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအခြေအနေအရ တင်ပြတောင်းခံမှုအပေါ် စိစစ်ခွင့်ပြုလျက်ရှိသဖြင့် ခွင့်ပြု ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်များ သတ်မှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။

သို့ပါ၍ မင်းလှမြို့နယ်၊ ရဲတပ်ဖွဲ့၊ ရေနံ့မနယ်မြေရဲစခန်းနှင့် လက်ပံတံခါးရဲကင်းစခန်းတို့ရှိ ပြုပြင်ရန်လိုအပ်သော နေအိမ်လိုင်းခန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အဆောက်အဦ ပြင်ဆင် ထိန်းသိမ်းရေးရန်ပုံငွေမှ စိစစ်၍ ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လိုအပ်လျက် ရှိသော (၆)ခန်းတွဲ(၂)ထပ် သံကူကွန်ကရစ်(၁)လုံးနှင့် (၄)ခန်းတွဲ(၂)ထပ် သံကူကွန်ကရစ် (၁)လုံး တို့ကို လွှတ်တော်များ၏ ကတိလက်ကျန်များ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များအတွင်း ညွှန်ကြားခဲ့သော လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရပါသဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေး နှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် အဆိုပါ အဆောက်အအုံများကို ၂၀၂၁– ၂၀၂၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံ ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့ နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ လုံငိုးနယ်မြေရဲစခန်း၊ လိုင်လင်းပီနယ်မြေရဲစခန်း၊ ရေဇွာနယ်မြေရဲစခန်းနှင့် နာဘုန်(ရမ်စီ)ရဲကင်းစခန်းတို့ဖြင့် မြို့နယ်ရဲ့ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

မတူပီမြို့နယ်၊ ဆဘောင်းထယ်ကျေးရွာသည် ဧရိယာ(၂.၅)စတုရန်းမိုင် ကျယ်ဝန်းကာ အိမ်ခြေ(၂၆၀)၊ အိမ်ထောင်စု (၃၀၄)စု၊ လူဦးရေ (၁၇၅၈)ဦး နေထိုင်လျက်ရှိပြီး လိုင်လင်းပီနယ်မြေ ရဲစခန်းအပိုင်တွင်ရှိပါတယ်။ လိုင်လင်းပီနယ်မြေရဲစခန်းအပိုင်အတွင်း မှုခင်းဖြစ်ပွားမှုများမှာ ၂၀၁၈ ခုနှစ်တွင် အခြားမှု(၁)မှု၊ ကြိုတင်ကာကွယ်မှု(၁)မှု ဖြစ်ပွားခဲ့ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ

အထိ အမှုကြီး(၁)မှုသာ ဖြစ်ပွားခဲ့ကြောင်း သိရှိရပါတယ်။ ရဲကင်းစခန်းတစ်ခုဖွင့်လှစ်နိုင်ရေးအတွက် ယင်းနယ်မြေဒေသတွင် ရပ်ရွာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ရှိရန် လိုအပ်ချက်များရှိခြင်း၊ မှုခင်းဖြစ်ပွားမှု များပြားခြင်းတို့အပေါ် ရဲကင်းစခန်း ဖွင့်လှစ်ရန်လိုအပ်ကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ထောက်ခံတင်ပြချက်တို့ဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ရပါတယ်။ အဆိုပါ ဆဘောင်းထယ်ကျေးရွာ၏ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတည်ရှိပြီး မြန်မာ-အိန္ဒိယနယ်စပ်လုံခြုံရေးနှင့် လူဝင်/လူထွက် စစ်ဆေးနိုင်ရန်အတွက် အဆိုပါ ကျေးရွာတွင် ရဲတပ်ကြပ်ဦးစီး တပ်ဖွဲ့ဝင်(၅)ဦးဖြင့် လုံခြုံရေးရဲကင်းစခန်းတစ်ခုကို လိုင်လင်းပီနယ်မြေရဲစခန်းမှ ထုတ်နုတ်၍ ၂၀-၃-၂၀၁၄ ရက်နေ့တွင် စတင်ထားရှိခဲ့ပါတယ်။

၂၀၁၉ ခုနှစ်တွင် မတူပီမြို့နယ်နှင့် နယ်မြေချင်းဆက်စပ်နေသည့် ပလက်ဝမြို့နယ် အတွင်း AA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့မှ အစွန်အဖျားကျပြီး အင်အားနည်းသော ရဲကင်းစခန်း အချို့အား ပစ်မှတ်ထားတိုက်ခိုက်မှုများရှိလာပါတယ်။ ဒါကြောင့် AA လက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့ လှုပ်ရှားရာနယ်မြေနဲ့ နီးကပ်လျက်ရှိသော ဆဘောင်းထယ်လုံခြုံရေးရဲကင်းသည် အင်အား နည်းပြီး အစွန်အဖျားကျသည့် နယ်စပ်ဒေသတွင် တည်ရှိနေခြင်း၊ နယ်မြေခံတပ်စခန်းနဲ့ အနည်းငယ် အလှမ်းကွာဝေးခြင်းနဲ့ နယ်မြေခံတပ်ရင်းနဲ့ ဆက်သွယ်ရန် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းတို့ကြောင့် လုံခြုံရေးအခြေအနေအရ ၈-၁-၂၀၁၉ ရက်နေ့တွင် ဆဘောင်းထယ်လုံခြုံရေး ရဲကင်းအား ပြန်လည်ရုပ်သိမ်း၍ လိုင်လင်းပီနယ်မြေရဲစခန်းတွင် ပြန်လည် ပူးပေါင်းထားရှိခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ ဆဘောင်းထယ်ကျေးရွာ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း များကို လိုင်လင်းပီနယ်မြေရဲစခန်းမှ ထုတ်နုတ်အင်အားဖြင့် ဆောင်ရွက်နိုင်ခြင်း၊ မှုခင်းဖြစ်ပွားမှု နည်းပါးပြီး မှုခင်းဖြစ်ပွားပါက လိုင်လင်းပီနယ်မြေရဲစခန်းမှ ရဲလုပ်ငန်းများ သွားရောက်ဆောင်ရွက် နိုင်ခြင်းတို့ကြောင့် ဆဘောင်းထယ်ကျေးရွာတွင် ရဲကင်းစခန်းဖွင့်လှစ်ရန် လတ်တလောလိုအပ်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းတွင်ပါရှိသော ဆဘောင်းထယ်ကျေးရွာတွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ အမျိုးသားစီမံကိန်းရည်ရွယ်ချက်(မူကြမ်း)၌ နယ်စပ်ဈေးဖွင့်လှစ်ရန် လျာထားခြင်းနှင့် မတူပီမြို့နယ် ရေဇွာမြို့မှ ဆဘောင်းထယ်ကျေးရွာကိုဖြတ်၍ အိန္ဒိယနိုင်ငံ မီဇိုရမ် ပြည်နယ်အထိ (၂၁)ပေအကျယ် မြေသားလမ်းဖောက်ပြီးဖြစ်သောကြောင့် နယ်စပ်မှဝင်ရောက်လာ နိုင်သော မူးယစ်ဆေးဝါးများနဲ့ တရားမဝင် ကုန်သွယ်ရောင်းဝယ်ခြင်းတို့ကို တားဆီးနိုင်ရေးအတွက် ဆဘောင်းထယ်ကျေးရွာ၌ ရဲကင်းစခန်း လိုအပ်လျက်ရှိကြောင်းနဲ့ အဆိုပါ ရဲကင်းစခန်းအတွက် မြေနေရာရှိကြောင်းတို့ကို ကြောင်းကျိုးဖော်ပြထားခြင်းအပေါ် နယ်စပ်ဈေး ဖွင့်လှစ်ချိန်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့မှ မတူပီမြို့နယ် ဆဘောင်းထယ်ကျေးရွာ၌ ရဲကင်းစခန်းဖွင့်လှစ်ရန်

လိုအပ်ကြောင်း ထောက်ခံတင်ပြခဲ့ပါလျှင် စခန်းဖွင့်လှစ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

သို့ပါ၍ လတ်တလောဖြစ်ပေါ်နေတဲ့ လုံခြုံရေးအခြေအနေများအရ ချင်းပြည်နယ်၊ မတူပီ ခရိုင်၊ မတူပီမြို့နယ် ဆဘောင်းထယ်ကျေးရွာတွင် လုံခြုံရေးရဲကင်းပြန်လည်ဖွင့်လှစ်နိုင်ခြင်း အခြေ အနေမရှိသေးပါကြောင်းနှင့် နယ်စပ်ဈေးဖွင့်လှစ်ချိန်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံ ချက်ဖြင့် ရဲကင်းစခန်းဖွင့်လှစ်ရန် လိုအပ်မှုရှိကြောင်း တင်ပြလာပါက စခန်းဖွင့်လှစ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အနေဖြင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မြို့နယ် ရဲတပ်ဖွဲ့(၃၃၀)သို့ Double Cab ယာဉ် (၂၃၆)စီး၊ Single Cab ယာဉ် (၇၅)စီးနှင့် Extra Cab ယာဉ်(၁၉)စီး စုစုပေါင်းယာဉ် (၃၃၀)စီးအား ထုတ်ပေးထားရှိပြီးဖြစ်ပါတယ်။ မော်တော်ယာဉ်များ ကြံ့ခိုင်ကောင်းမွန်စေရန် ပြင်ဆင်ခြင်းအတွက် သာမန်ပြင်ဆင်စရိတ် အသုံးပြုမှုအနေဖြင့် Double Cab, Single Cab နှင့် Extra Cab ယာဉ်များအတွက် တစ်နှစ်လျှင် ငွေကျပ်(၆)သိန်းအား သတ်မှတ် ခွင့်ပြုပြီး အဆိုပါ သာမန်ပြင်ဆင်စရိတ် ခွင့်ပြုသတ်မှတ်နှုန်းအပြင် လိုအပ်သော အစိတ်အပိုင်းများ ထပ်မံ၍ အကြီးစားပြင်ဆင်လိုပါက ကုန်ကျစရိတ်ရရှိရေးအတွက် ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြတောင်းခံ၍ ပြင်ဆင်လျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်ရဲတပ်ဖွဲ့ (၃၇)ဖွဲ့အနက် မြို့နယ်ရဲတပ်ဖွဲ့(၁၅)ဖွဲ့သို့ Double Cab ယာဉ် (၁၅)စီးနှင့် ကျန်မြို့နယ် ရဲတပ်ဖွဲ့(၂၂)ဖွဲ့သို့ Single Cab ယာဉ်(၂၂)စီးတို့ ထုတ်ပေးထားရှိပြီး ဖြစ်ပါတယ်။ ကလေးခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ကလေး မြို့နယ်တွင် Double Cab ယာဉ်(၁)စီး၊ ကလေးဝမြို့နယ်တွင် Single Cab ယာဉ်(၁)စီးနဲ့ မင်းကင်း မြို့နယ်တွင် Single Cab ယာဉ် (၁)စီးတို့ ထုတ်ပေးရရှိပြီး လက်ရှိအသုံးပြုလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် အရည်အသွေးကောင်းမွန်သော 4 WD – Double Cab မော်တော်ယာဉ်များအပါအဝင် လုပ်ငန်းသုံးယာဉ်များ ဖြည့်တင်းဝယ်ယူနိုင်ရေးအတွက် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မော်တော်ယာဉ် (၇၃)စီးအား ဝယ်ယူရန် လျာထားတင်ပြ တောင်းခံမှု အပေါ် နိုင်ငံတော်ဘဏ္ဍာငွေအခြေအနေအရ စိစစ်ခဲ့ပြီး ခွင့်ပြုပေးနိုင်ခြင်း မရှိသေးပါသဖြင့် ဝယ်ယူ နိုင်ခဲ့ခြင်းမရှိသေးကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နောင်လာမည့်

ဘဏ္ဍာရေးနှစ်များတွင် မော်တော်ယာဉ်အသစ်များ ဝယ်ယူပြီးပါက လုပ်ငန်းလိုအပ်ချက်ရှိသော မြို့နယ်များသို့ ဦးစားပေး လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၅)ဦး မေးမြန်းသည့် မေးခွန်းများဟာ ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဖဲဖိုင်(ခ) အခြေခံပညာအလယ်တန်းကျောင်း အဆောင်(၁)သည် ယိုယွင်းပျက်စီးနေပါသဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် RCC နှစ်ထပ်ဆောင် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။


**အချိန်၊ ၁၀:၃၀။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန် မြို့နယ်၊ ဖဲဖိုင်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်(၁)ဟာ ၁၉၉၆ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ ငွေကျပ်သိန်း(၄၀) ကူညီထောက်ပံ့ပြီး လူထုနှင့်ပူးပေါင်းလျက် အတိုင်းအတာ (၁၂၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဖြင့် ဆောက်လုပ်ခဲ့ပါတယ်။ ဤကျောင်းဆောင်တွင် အလယ်တန်းအဆင့် ကျောင်းသား (၂၅)ဦး၊ မူလတန်းကျောင်းသားအဆင့် (၅၆)ဦး၊ စုစုပေါင်း (၈၁)ဦး ရှိပါတယ်။ ဖဲဖိုင်(ခ) အခြေခံပညာအလယ်တန်းကျောင်းပိုင်မြေ ဧရိယာ(၁၆.၆၉)ဧကရှိပြီး မြေဂရန် လည်း ရရှိပြီးဖြစ်ပါတယ်။

ဤကျောင်းဆောင်သည် ဒေသသစ်ဖြင့် ဆောက်လုပ်ထားသော ကျောင်းဆောင်ဖြစ်ရာ ခိုင်ခံ့မှုမရှိဘဲ ဟောင်းနွမ်းပျက်စီးပြီး အမိုး၊ အခင်း၊ အကာ တိုင်များဆွေးမြည့်ပြီး ယိမ်းယိုင်နေပြီ ဖြစ်ရာ ကျောင်းသူ၊ ကျောင်းသားများအတွက် အန္တရာယ်ရှိတဲ့အတွက် နှစ်ချင်းဘာသာရေးကျောင်း တွင် လောလောဆယ် ကျောင်းတက်ခိုင်းရပါတယ်။ ဧဖိုင်(ခ) အလယ်တန်းကျောင်းကို ၁၁-၄-၂၀၁၈ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ ကျောင်းဆောင်ဟာ ယိုယွင်းပျက်စီးပြီး ဥပဓိရုပ်မကောင်းဘဲ အန္တရာယ်ဆောင်ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။ ထန်တလန်မြို့နယ်အတွင်း ကျွန်တော် ရောက်ရှိ ခဲ့တဲ့ကျောင်းများအနက် အဆိုးဆုံးဖြစ်ကြောင်း မြင်တွေ့ခဲ့ရတဲ့အတွက် ဤကျောင်းဆောင်အား ဖျက်သိမ်းပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီ ဆောက်လုပ်ပေးနိုင်ခြင်းမရှိပါက ကျောင်းသူ၊ ကျောင်းသားများ စာသင်ကြားရေးအတွက် အခက်အခဲကြုံတွေ့နိုင်ကြောင်း တွေ့ရှိရပါတယ်။

Power Point သုံးစွဲခွင့်ပြုရန် တင်ပြအပ်ပါတယ်။ အဲဒီ ပုံတွင် မြင်တွေ့တဲ့အတိုင်း အဲဒါ ရှေ့မျက်နှာစာဖြစ်ပါတယ်။ အဲဒီလိုပဲ အခြေအနေက လုံးဝမကောင်းပါဘူး။ ကျောင်းဆောင်ရဲ့ အနောက်ဘက်ကဖြစ်ပါတယ်။ ကျောင်းဆောင်ရဲ့ မြောက်ဘက်ကဖြစ်ပြီးတော့ ပျဉ်များက ဆွေးမြည့် နေတဲ့အတွက် သွပ်ပြားဖြင့် လဲလှယ်ပြီးတော့ လုပ်ရတဲ့ပုံဖြစ်ပါတယ်။ ဒါတောင်ပိုင်းက မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ပုံတွင် မြင်တွေ့ရတဲ့အတိုင်း ဒီကျောင်းဆောင်ဟာ ယိုယွင်းပျက်စီးနေပြီး ဥပဓိရုပ်မကောင်းတဲ့အတွက် ဤကျောင်းဆောင်ဟောင်းကို ဖျက်သိမ်းပြီး အတိုင်းအတာ (၁၄၀ x ၃၀)ပေ RCC (၂)ထပ် အဆောင်သစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရေးအတွက် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး အား မဖြစ်မနေစဉ်းစားပေးရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဧဖိုင်(ခ) အခြေခံပညာ အလယ်တန်းကျောင်း(၁၂၀ x ၃၀)ပေ ကျောင်းဆောင်ဟောင်း၏ အရှေ့မျက်နှာစာ မြင်ကွင်းပုံ (န)



ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဇဲဖိုင်(ခ) အခြေခံပညာ အလယ်တန်းကျောင်း(၁၂၀ x ၃၀)ပေ ကျောင်းဆောင်ဟောင်း၏ အနောက်ဘက်မှ မြင်ကွင်းပုံ (န-၁)



ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဇဲဖိုင်(ခ) အခြေခံပညာ အလယ်တန်းကျောင်း(၁၂၀ x ၃၀)ပေ ကျောင်းဆောင်ဟောင်း၏ တောင်ဘက်မှ မြင်ကွင်းပုံ (န-၂)



**အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများတွင် ရောင်းချနေသော အန္တရာယ်ရှိသည့် အသင့်စားမုန့်များ ပပျောက်စေရန် မည်သို့စီမံကိန်းချမှတ်၍ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၃။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်

ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ အခြေခံပညာကျောင်း မုန့်ဈေးတန်းများတွင် ရောင်းချနေသော အန္တရာယ်ရှိသည့် အသင့်စားမုန့်များ ပပျောက်စေရန် မည်သို့စီမံကိန်းချမှတ်၍ ဆောင်ရွက်နေသည် ကို သိရှိလိုသော မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ အသင့်စား အစားအစာဆိုသည်မှာ လျင်မြန်စွာ ပြင်ဆင်သုံးဆောင်နိုင်ပြီး ပမာဏအများအပြား ထုတ်လုပ်ထား သော စားသောက်ကုန်ဖြစ်သည်။ အခြားအစားအစာများနှင့် နှိုင်းယှဉ်လျှင် ယင်းအစားအစာတွင် အာဟာရတန်ဖိုး နည်းပါးစွာ ပါဝင်လျက်ရှိသည်ဟူ၍ အဓိပ္ပာယ်ဖော်ပြထားပါတယ်။ အင်္ဂလိပ် ဘာသာအားး Fast Food သို့မဟုတ် Ready – Made Food လို့လည်းခေါ်ပါတယ်။ အမျိုးသား ကျန်းမာရေးသိပ္ပံ (National Institute of Health) မှ အသင့်စား အစားအစာများတွင် High Sodium ဓာတ် ပြည့်ဝဆီ၊ အသွင်ပြောင်းထားသော အဆီ၊ ဆား၊ သကြားနှင့် ကယ်လိုရီများ မြင့်မားစွာပါရှိသည့်အတွက် ရေရှည်စားသုံးလျှင် အဝလွန်ရောဂါ၊ ဆီးချို၊ သွေးတိုးရောဂါ၊ ကင်ဆာ ရောဂါ စသော မကူးစက်နိုင်သည့် နာတာရှည်ရောဂါများ ရရှိနိုင်သည်ဟု ပြောပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းများတွင်သာ တွေ့ရှိရသော အိမ်နီးနားချင်းနိုင်ငံများမှ အထောက်အထား ကင်းမဲ့စွာ တင်သွင်းလာသော ဆိုးဆေးပါသည့် မုန့်များ၊ ယာဘက်ပုံကတော့ Caffeine ဓာတ်ပါတဲ့ အချိုရည်များကို ကလေးများ သောက်သုံးနေပုံဖြစ်ပါတယ်။ ယခုအခါ မြန်မာ နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ အချို့ကလည်း ရောင်းဝယ်ထုတ်လုပ်လာကြောင်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်တင်ပြရလျှင် အသင့်စားမှုများ ပပျောက်စေရန်နှင့် မြန်မာ့ရိုးရာမုန့်များ ပြန်လည်ပေါ်ထွက်ရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးတွင် ကျင်းပသော မြန်မာ့ရိုးရာမုန့်ပွဲတော် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးအစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်း နှင့် မြို့မိမြို့ဖများ ပူးပေါင်း၍ မကွေးမြို့နှင့် ရေနံချောင်းမြို့များမှာ ကျင်းပခဲ့ပါတယ်။ လာရောက် ယှဉ်ပြိုင်တဲ့ ကျွန်တော်တို့ မြန်မာ့ရိုးရာမုန့်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ ဆုရရှိတဲ့မုန့် တွေဖြစ်ပြီး တော့ အမျိုးအစား(၁၀၀)ကျော် လာရောက်ယှဉ်ပြိုင်တာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးများကိုယ်တိုင် မုန့်များကို မိမိ ကြိုက်နှစ်သက်ရာအလိုက် ရွေးချယ်၍ အမှတ်ပေးနေပုံနှင့် အမှတ်အများဆုံးရရှိတဲ့ မုန့်(၂၀)ကို ရွေးချယ်ပြီးတော့ ကျွန်တော်တို့ မုန့်လုပ်သူများကို ငွေကြေးအကူအညီပေးပါတယ်။ ရရှိလာသော အမြတ်အစွန်းများကို ရောင်းသူမှ ယူ၍ အရင်းအနှီးကို ဆရာ၊ ဆရာမများနဲ့ ကျောင်းသူ၊ ကျောင်းသားများ ကိုယ်တိုင်ပါဝင်သည့် ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးကော်မတီမှ ရန်ပုံငွေအဖြစ် အသုံးပြုကြောင်း သိရှိရပါတယ်။ ရရှိခဲ့သော အတွေ့အကြုံများအရ မြန်မာ့ရိုးရာမုန့်များနဲ့ အသင့်စားမုန့်များ ဈေးနှုန်းအားဖြင့် များစွာ

ကွာခြားခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ထိုကဲ့သို့ အစားအစာများ သန့်ရှင်းပြီး အာဟာရ ကောင်းမွန်လာမှုကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အစာအဆိပ်သင့်ခြင်း၊ ဝမ်းပျက် ဝမ်းလျှောခြင်းစသော လတ်တလော ကျန်းမာရေးပြဿနာများ နည်းပါး၍ ဖျားနာမှုနည်းပါးသွားပြီး ရာသီ တုပ်ကွေးရောဂါများကို ခံနိုင်ရည်ရှိကြောင်း ဆရာ၊ ဆရာမများက တင်ပြလာကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါ ကမ္ဘာ့ကပ်ရောဂါများနှင့်အတူ ရာသီတုပ်ကွေးရောဂါ၊ သွေးလွန် တုပ်ကွေးရောဂါများ၊ အစားအသောက်များ မသန့်ရှင်းမှုမှ ကူးစပ်နိုင်သော အသည်းရောင်အသားဝါ B ပိုး၊ C ပိုးများ ဖြစ်လာနိုင်ပါတယ်။ အလွယ်တကူ အသင့်ရရှိနိုင်တဲ့ အသင့်စားမုန့်များသည် အချိုမှုန့်များကို အသုံးပြု၍ အသုပ်စုံများ၊ အသားတုံး အသားကင်၊ တုတ်ထိုးများကြောင့် ကလေး များတွင် အမြင်အာရုံအားနည်းသော ရောဂါများ၊ ကလေးကင်ဆာရောဂါများကို တွေ့ရှိသည်အထိ အန္တရာယ် မြင့်မားလာခဲ့ပါတယ်။ ကျောင်းနေအရွယ်ကလေး (၇)သန်းအတွက် ကျေးလက်ဒေသ အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မှသာလျှင် အနာဂတ်တွင် ရုပ်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးပြီးဉာဏ်ရည်ပြည့်ဝသော တိုင်းပြည်၏အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်း လာမည် ဖြစ်ပါသဖြင့် ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

အိမ်နီးချင်းနိုင်ငံများမှ အတားအဆီးမဲ့ ဝင်ရောက်လာသော ဆိုးဆေးပါသည့် မုန့်များနှင့် အချိုရည်များ ကို နှစ်ခြိုက်စွာ စားသုံးနေကြသည့် ကလေးငယ်များ၏ မြင်ကွင်းပုံ (ပ)



မကွေးတိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်သော မြန်မာ့ရိုးရာ မုန့်ပွဲတော်၏ မြင်ကွင်းပုံ (ပ-၁)



ကလေးငယ်များကိုယ်တိုင် မိမိကြိုက်နှစ်သက်ရာအလိုက် မုန့်များကို ရွေးချယ်အမှတ်ပေးသည့် မြင်ကွင်းပုံ (ပ-၂)



**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် (၁၂၀x၃၀)ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်တွင် ရန်ပုံငွေ ခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၇။**

**ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်နဲ့ သာယာဝတီမြို့နယ်များကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာ အလယ်တန်းကျောင်း အတွက် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန် ရန်ပုံငွေခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။

ကျွန်တော့်အား Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းအပေါ် စာမှာ မှော်အင်းကျေးရွာအထက်တန်းကျောင်းလို့ ကွန်ပျူတာ Error အနေနဲ့ ပါသွားပါတယ်ခင်ဗျား။ အမှန်က မှော်အင်းကျေးရွာအလယ်တန်းကျောင်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်း မြို့နယ်၊ မှော်အင်းကျေးရွာအလယ်တန်းကျောင်းဟာ လက်ပံတန်းမြို့နယ် အရှေ့ဘက် ပဲခူးရိုးမ

တောင်ခြေဒေသက ကျောင်းတစ်ကျောင်းဖြစ်ပြီးတော့ မူလတန်းကျောင်းသား၊ ကျောင်းသူဦးရေ (၂၆၀)၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ဦးရေ(၁၇၅)ဦးနဲ့ မူကြိုကလေး(၃၀) စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ (၄၆၅)ဦး ပညာသင်ကြားနေတဲ့ အလယ်တန်းကျောင်း ဖြစ်ပါတယ်။ ကျောင်းအဆောက်အအုံများအနေနဲ့ ၁၉၉၃ ခုနှစ်က ပညာရေးဝန်ကြီးဌာနနဲ့ ကျောင်းသားမိဘများ ပူးပေါင်းဆောက်လုပ်ထားခဲ့တဲ့ စာသင်ခန်း(၆)ခန်းပါတဲ့ (၂)ထပ်ဆောင် (၁)ဆောင်၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်က ပညာရေးဝန်ကြီးဌာနမှ ဆောက်လုပ်ပေးခဲ့တဲ့ (၉၀ x ၃၀)ပေ စာသင်ခန်း(၃)ခန်းပါ (၁)ထပ်ဆောင်တစ်ဆောင်နဲ့ ၂၀၁၆ ခုနှစ်က ကျောင်းသားမိဘများ ဆောက်လုပ်ပေးခဲ့ပြီး စာသင်ခန်း (၁)ခန်းပါ သွပ်မိုး ထရံကာ၊ ပျဉ်ခင်း (၁)ဆောင် အပါအဝင် စုစုပေါင်း စာသင်ခန်း(၁၀)ခန်းသာ ရှိပါတယ်။ မူကြိုကလေး(၃၀)ဦးအတွက် အခန်း(၁)ခန်း သီးခြားပေးရတဲ့အပြင် ဆရာ၊ ဆရာမများ နားနေခန်းနဲ့ ကျောင်းအုပ်ကြီးများရုံးခန်းကို ဖယ်လိုက်မယ်ဆိုရင် စာသင်ခန်းတွေဟာ လုံလောက်မှု မရှိတော့ဘဲနဲ့ ကျောင်းသား၊ ကျောင်းသူများ စာသင်ခန်းတွေထဲမှာ ကျပ်ကျပ်တည်းတည်း ပညာ သင်ကြားနေရပါတယ်။ စာသင်ခန်း(၁၅)ခန်း လိုအပ်မှာဖြစ်ပါတယ်။

သို့ပါ၍ လက်ပံတန်းမြို့နယ်၊ မော်အင်းကျေးရွာ အလယ်တန်းကျောင်းမှာ လိုအပ်နေတဲ့ စာသင်ခန်း(၁၅)ခန်း ပြည့်မီနိုင်ရေးအတွက် မူလကျောင်းက အဆိုပြုတောင်းခံခဲ့တဲ့ (၉၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်အစား (၁၂၀ x ၃၀)ပေ (၂)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ ရန်ပုံငွေ ခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

၁၉၉၃ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် (၇၇ x ၃၃)ပေ ရှိ စာသင်ခန်း(၆)ခန်းပါ (၂)ထပ် အဆောက်အဦ ၏ မြင်ကွင်းပုံ (၈)



၂၀၁၆ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် (၃၆ x ၂၂)ပေ ရှိ စာသင်ခန်း(၁)ခန်းပါ သွပ်မိုးထရံကာ မြေခင်းအဆောက်အဦ၏ မြင်ကွင်းပုံ (ဖ-၁)



၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် (၉၀ x ၃၀)ပေ ရှိ စာသင်ခန်း(၃)ခန်းပါ (၁)ထပ်ဆောင်၏ မြင်ကွင်းပုံ (ဖ-၂)



**ကျောက်တော်မြို့နယ်အတွင်း ပန်းဖဲချောင်း အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် စပ်ကွပ်ချောင်းနှင့် ကျောက်ဖြူရွာသစ် အခြေခံပညာမူလတန်းကျောင်း(ခွဲ)တို့ကို အခြေခံပညာ မူလတန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့အမျိုးသားလွှတ်တော်မှာ ပညာရေးဝန်ကြီးဌာနနှင့်ပတ်သက်တဲ့ ကျွန်တော့် မဲဆန္ဒနယ်၊ ကျောက်တော်

မြို့နယ်အတွင်း ပန်းဖဲချောင်းကျေးရွာ မူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် စပ်ကွပ်ချောင်း အ.မ.က(ခွဲ)နှင့် ကျောက်ဖြူရွာသစ် အခြေခံပညာမူလတန်းကျောင်း(ခွဲ)များကို မူလတန်းအဆင့်တိုးမြှင့်ပေးရန် လာမည့်ဘဏ္ဍာရေးနှစ်တွင် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်မြေကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း (၂၈၃)ရွာ၊ လူဦးရေပေါင်း (၂၄၀၀၀၀)ကျော် နေထိုင်တဲ့မြို့နယ်ဖြစ်ပါတယ်။ ပညာရေးနှင့် ပတ်သက်ပြီး အ.ထ.က ကျောင်း(၁၀)ကျောင်း၊ အ.ထ.က (ခွဲ)(၂၂)ကျောင်း၊ အ.လ.က (၁၅)ကျောင်း၊ အ.လ.က(ခွဲ) (၂၆)ကျောင်း၊ မူလွန်(၃၄)ကျောင်း၊ အ.မ.က (၁၁၆)ကျောင်း၊ အ.မ.က(ခွဲ)(၃၆)ကျောင်းရှိပြီး စုစုပေါင်း (၂၅၉)ကျောင်းရှိပါတယ်။ ဘ/က ဘုန်းတော်ကြီးကျောင်း (၈)ကျောင်း၊ ပုဂ္ဂလိကကျောင်း (၆)ကျောင်းရှိကြောင်း သိရှိရပါတယ်ခင်ဗျား။

ကျွန်တော့် မေးခွန်းမှာပါဝင်တဲ့ ပန်းဖဲချောင်းကျေးရွာဟာ ရန်ကုန်-စစ်တွေ ကားလမ်းမပေါ်မှာရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ အိမ်ခြေ(၂၈၅)အိမ်၊ လူဦးရေ(၁၁၀၀)ကျော် နေထိုင်ပါတယ်။ ကျေးရွာမှာ စာသင်ကျောင်းကို မူလွန်အဆင့်သို့ တိုးမြှင့်ခွင့်ရရှိပြီး လက်ရှိကျောင်းသား ဦးရေမှာ (၁၂၉)ဦး ရှိပါတယ်။ မူလွန်အဆင့်မှ အ.လ.က(ခွဲ)အဆင့်ကို တိုးမြှင့်ပေးသင့်တဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်ခင်ဗျား။ စပ်ကွပ်ချောင်း အ.မ.က(ခွဲ)ကျောင်းမှာ ကျောက်တော်မြို့ရဲ့ မြောက်ဘက်ပီချောင်းဒေသမှာရှိတဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ကျေးရွာမှာ အိမ်ခြေ(၅၃) အိမ်၊ လူဦးရေ(၂၁၂)ဦးရှိပါတယ်။ လက်ရှိကျောင်းသားဦးရေက (၅၃)ဦးရှိပြီး ပင်မ အ.ထ.က(ခွဲ)ကျောင်းနှင့် (၂)မိုင်ကွာဝေးတဲ့ကျောင်းဖြစ်ပါတယ်။ သွားလာရေးခက်ခဲပါတယ်။ ကျေးရွာမှာ ဆင်းရဲပြီး မြိုတိုင်းရင်းသားများ နေထိုင်တဲ့ ကျေးရွာလည်းဖြစ်ပါတယ်။ မိမိကျေးရွာမှာ မူလတန်းအဆင့်ကို သင်ကြားခွင့်ရရှိရေးအတွက် တိုးမြှင့်ပေးသင့်တဲ့ကျောင်း ဖြစ်ပါတယ်။ ကျောက်ဖြူရွာသစ်ကျေးရွာဟာလည်းကုလားတန်မြစ်ရဲ့ အရှေ့ဘက်ခြမ်းမှာရှိတဲ့ ပိန္နဲချောင်း - ကြောင်စွယ်ဖြူလမ်းပေါ်တွင် တည်ရှိတဲ့ကျေးရွာတစ်ရွာဖြစ်ပါတယ်။ အိမ်ခြေ(၅၀)ကျော်၊ လူဦးရေ(၂၀၀)ကျော်ခန့်ရှိပါတယ်။ အ.မ.က(ခွဲ)အဆင့်ကို ဖွင့်လှစ်ခွင့်ရရှိပြီး မိမိကျေးရွာမှာ ပညာသင်ကြားခွင့်ရရှိခဲ့ကြပါတယ်။ လက်ရှိကျောင်းသားဦးရေမှာ (၄၀)ကျော်ခန့်ရှိပါတယ်။ မူလတန်းအဆင့် တိုးမြှင့်ပေးသင့်တဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။

အထက်ပါ ကျွန်တော်မေးမြန်းခဲ့တဲ့ ကျေးရွာများမှ စာသင်ကျောင်းများမှာ လာမည့်ပညာသင်နှစ်အတွင်းမှာ ကျောင်းအဆင့်တိုးမြှင့်ခွင့် ရရှိတဲ့အတွက် ကျေးရွာနေ ပြည်သူများ၏တောင်းဆိုမှုအရ ပညာရေးဝန်ကြီးဌာန၏ စံသတ်မှတ်ချက် ကျောင်းသားဦးရေ ပြည့်မီခြင်းများကိုအနည်းငယ် ဖြေလျှော့ပေးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အရပ်ဒေသများ၊ ကျောင်းများဖြစ်နေခြင်းအတွက် ဦးစားပေးအနေနှင့် အဆင့်တိုးမြှင့်ခွင့်ရရှိရေးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းတွင် (၁၃၀ × ၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေလျာထားသတ်မှတ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ (၁၃၀ x ၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင် (၁)ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ပညာရေးဝန်ကြီးဌာနမှ တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဟာ အထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၀၆ ခုနှစ်မှာ အဆင့်တိုးမြှင့်ခဲ့ပြီးတော့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခဲ့ပါတယ်။ သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဟာ ၂၀၁၉ ခုနှစ်၊ ပညာသင်နှစ်စာရင်းအရ မူလတန်းကျောင်းသား၊ ကျောင်းသူ (၃၃၅)ဦး၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ (၃၃၆)ဦး၊ အထက်တန်းကျောင်းသား၊ ကျောင်းသူ (၂၂၅)ဦး၊ စုစုပေါင်းကျောင်းသား (၈၉၆)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ဒါ့အပြင် သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရဲ့ အနီးဝန်းကျင်မှာ ဆင်အိုင်(အ.မ.က)၊ သက်န်းရှောင်(အ.မ.က)၊ ရွာသစ်ဦး(အ.မ.က)၊ သံပြား(အ.မ.က)၊ ယမုံ(အ.မ.က)၊ ဘုရားထွက် (အ.လ.က)(ခွဲ)၊ ကျွဲခရံ (မူလွန်)စသည့် ကျောင်းသား၊ ကျောင်းသူများဟာ အလယ်တန်းပညာရေးနှင့် အထက်တန်းပညာရေး သင်ကြားရေးကို သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ လာရောက် ပညာသင်ယူနေကြရပါတယ်။

သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စာသင်ကျောင်းရဲ့မြေဟာ (၂.၃)ဧက ရှိပြီးတော့ လက်ရှိစာသင်ဆောင်မှာ (၆၀ x ၃၀)ပေ (၂)ဆောင်၊ (၁၂၀ x ၃၀)ပေ (၁)ဆောင်၊ (၁၅၀ x ၃၀)ပေ (၁)ဆောင်၊ ပြင်ပမှ အလှူရှင် လာရောက်လှူဒါန်းထားတဲ့ (၆၀ x ၃၀)ပေ (၁)ဆောင်တို့မှာ

တိုးတက်လာတဲ့ ဒီကျောင်းသားဦးရေနှင့် လုံလောက်မှု မရှိသေးကြောင်းနှင့် သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ (၁၃၀ x ၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင် (၁)ဆောင် လိုအပ်ချက်ရှိကြောင်း တင်ပြလာပါတယ်။ ကျွန်းစုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှာ(၁၃၀ x ၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင် (၁)ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ပညာရေးဝန်ကြီးဌာနမှ ဘဏ္ဍာငွေလျာထားသတ်မှတ်ပြီး တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၅။**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေခွဲဝေပေးမှုမှာ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်မှ ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် ကျောင်းဆောင်(၅)ကျောင်း၊ ဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်ရန် (၅)ကျောင်း၊ စုစုပေါင်းကျောင်း (၁၀)ကျောင်းအတွက် ငွေကျပ်သန်းပေါင်း (၂၄၃၇.၃၈)သန်း ခွဲဝေဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဇဲဖိုင်(ခ) အခြေခံပညာအလယ်တန်းကျောင်းမှာ (၁၂၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ အန္တရာယ်ရှိကျောင်းဆောင် တစ်ထပ်ဆောင်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ ကျောင်းဆောင်ရဲ့ အခြေအနေဟာ တော်တော်ဆိုးဝါးတာဖြစ်တဲ့အတွက် ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး။ အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးဖို့အတွက် လိုနေတာကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးက တင်ပြတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူ ဦးရေအနေနဲ့ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၄၆)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၂၅)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၇၁)ဦးရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကျောင်းဆောင်

ကလည်းတစ်ဆောင်ပဲရှိတယ်။ အန္တရာယ်ရှိကျောင်းဆောင်ဖြစ်နေတဲ့တွက်ကြောင့် အဲဒီ ကျောင်းဆောင်ကတော့ လောလောဆယ် စာသင်ကြားမှုမရှိဘဲနဲ့ အဆင်ပြေနေတဲ့ ကျေးရွာမှာရှိတဲ့ တစ်နေရာမှာ သင်ကြား သင်ယူမှုလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိနေတယ်လို့ စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ထန်တလန်မြို့နယ်၊ ဇဲဖိုင်(ခ) အခြေခံပညာအလယ်တန်းကျောင်းမှာရှိတဲ့ အန္တရာယ်ရှိကျောင်းဆောင် (၁၂၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာကို ဖျက်သိမ်းပြီးတော့ (၁၃၀ x ၃၀)ပေ RC နှစ်ထပ်ဆောင် (၁)ဆောင် ဆောက်လုပ်ပေးဖို့အတွက် လိုအပ်တဲ့ ရန်ပုံငွေကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေခေါင်းစဉ်အောက်မှ မြို့နယ် ဦးစားပေး အစီအစဉ်အရ စိစစ်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ရဲ့ အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများတွင် ရောင်းချနေသော အန္တရာယ်ရှိသည့် အသင့်စား မုန့်များ ပပျောက်စေရန် မည်သို့စီမံကိန်းချမှတ်၍ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း မေးခွန်းအပေါ် ပြန်လည်ဖြေကြားခွင့်ပြုပါရန်နှင့် လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကိုတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပေါင်းစပ်ရှင်းလင်းတင်ပြရမည် ဖြစ်ပါသဖြင့် အချိန်ပိုမို ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသား လူငယ်တစ်ရပ်လုံးမှာ ကျောင်းကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းတွေကို ဦးစားပေး (၇)ရပ်အနက် (၁)ခု အပါအဝင်ဖြစ်တဲ့ ကျန်းမာရေးနှင့် ညီညွတ်တဲ့ လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံး ဆောင်ရွက်ရေးကို ရည်ရွယ်ပြီးတော့ ကျောင်းကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်(၉)ရပ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ ၂၀၁၆ ခုနှစ်မှာ ပြီးပြည့်စုံသော ကျောင်းကျန်းမာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၇-၂၀၂၁) ရေးဆွဲနိုင်ရေးအတွက် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ခေတ်နှင့်လျော်ညီသော ကျောင်းကျန်းမာရေး လက်စွဲစာအုပ်ကို ပြင်ဆင်ရေးသား ထုတ်ဝေခဲ့၍ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေထားရှိပြီး အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလက်စွဲပါအတိုင်း ဆက်လက်ဆောင်ရွက်ကြရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့်၊ ကျောင်းကျန်းမာရေးကော်မတီ ဖွဲ့စည်းပုံများကို ကျောင်းကျန်းမာရေးလက်စွဲစာအုပ်မှာ ဖော်ပြထားရှိသော ဖွဲ့စည်းပုံအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ကိုယ်စားလှယ်ကြီးရဲ့ မွန်ပြည်နယ်

အတွင်းမှာ မွန်ပြည်နယ်၊ ပညာရေးမှူးရုံးအနေနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာန(ကျန်းမာ၊ ကုသ) နှင့် ပူးပေါင်း၍ မွန်ပြည်နယ်အတွင်းရှိ (၁၀)မြို့နယ်လုံးမှ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းကျန်းမာရေးကော်မတီများကို ဖိတ်ကြား၍ ကျောင်းကျန်းမာရေးနှင့်ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို ကျောင်းဖွင့်စတွင် ပြုလုပ်ခဲ့ပြီး အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းအဆင့်ကျောင်းကျန်းမာရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ ကော်မတီများသည် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ကျောင်းကျန်းမာရေးလက်စွဲစာအုပ်၏ စာမျက်နှာ(၆၀)၊ အပိုဒ် ၄ မှာ ကျောင်းစားသောက်ဆိုင်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားတာကို တွေ့ရှိရပါတယ်။ (က)ကျောင်းစားသောက်ဆိုင်များသည် သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွှတ်စေရန် ကျောင်းမှအသိအမှတ်ပြု၍ ကျန်းမာရေးစစ်ဆေးပြီး ရောဂါကင်းသော ဈေးသည်များသာရောင်းချသည့် စားသောက်ဆိုင်များဖြစ်စေရန်၊ အာဟာရဖြစ်စေနိုင်ပြီး သက်သာချောင်ချိစွာ ဝယ်ယူစားသောက်နိုင်မည့် အစားအစာများကိုသာ ရောင်းချခွင့်ပြုရန်၊ ဈေးသည်တစ်ဦးချင်းသည် ရောင်းချသော အစားအစာများအတွက် အဖုံးအအုပ်များထားရှိစေရန်၊ ကျောင်းဈေးသည်တိုင်း ကိုယ်ပိုင်အမှိုက်ပုံးဖြင့် ဈေးရောင်းချရန်၊ အစားအစာများ ပြင်ဆင်ဆေးကြောရန်နှင့် လက်ဆေးရန်အတွက်လည်း ရေ၊ ဆပ်ပြာ အလုံအလောက်ထားရှိရန်၊ စားသောက်သည့် ပန်းကန်၊ အိုးခွက်များကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောရန်၊ ကျောင်းအုပ်ကြီးနှင့် ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့ဆရာ၊ ဆရာမများက နေ့စဉ်ကွပ်ကဲမှုဖြင့် ကြီးကြပ်စိစစ်ရန်၊ ကျန်းမာရေးဌာနမှ အခါအားလျော်စွာစစ်ဆေးမှုများ ပြုလုပ်ရန်၊ အသင့်စား အစားအသောက်များကို စိစစ်ရွေးချယ် ရောင်းချခွင့်ပြုရန်၊ အစားအသောက် ချက်ပြုတ်ပြင်ဆင်ရာသို့ တိရစ္ဆာန်များ မဝင်ရောက်စေရန် ညွှန်ကြားရန်၊ ရောင်းချသော ရေနှင့် အစားအစာများတွင် ဘေးအန္တရာယ်ရှိကြောင်း သံသယရှိပါက ကျန်းမာရေးဌာနနှင့် အမြန် ဆက်သွယ်၍ စစ်ဆေးဆောင်ရွက်ရန် ဆိုပြီး ဖြစ်ပါတယ်။

ကျောင်းမုန့်ဈေးတန်းများရှိ အစားအစာများ၊ အန္တရာယ်ကင်းဝေးရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ အထူးစီမံချက်အနေနှင့် အောက်ပါအချက်များအဖြစ် ကျောင်းများကို ကွင်းဆင်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ကျောင်းမုန့်ဈေးတန်းများသည် သန့်ရှင်းမှုရှိခြင်း၊ လေဝင်လေထွက်ကောင်းမွန်စွာ ရရှိခြင်း၊ အလင်းရောင် လုံလောက်စွာရရှိခြင်း၊ ရေစီးရေလာ ကောင်းမွန်သော နေရာဖြစ်ခြင်း၊ ကြွက်၊ ယင် အစရှိသည်တို့ မဝင်ရောက်နိုင်အောင် ပြုလုပ်ထားရှိခြင်း၊ အစားအစာ ရောင်းချသူများသည် တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ ကျန်းမာရေးအသိပညာရှိခြင်း၊ ကူးစက်ရောဂါ ကင်းရှင်းခြင်း၊ အစားအစာမကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီးနောက် လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောခြင်း၊ သန့်ရှင်းသော ခေါင်းဆောင်း၊ ရင်ကာ၊

လက်အိတ်များအသုံးပြုခြင်း၊ သန့်ရှင်းသောရေကို အသုံးပြုခြင်း၊ ပထမ ဦးစားပေးအနေဖြင့် ရာသီပေါ် အသီးအနှံများ၊ ပေါင်မုန့် ပူပူနွေးနွေး ချက်ပြုတ်ထားသော မြန်မာ့ရိုးရာ မုန့်မျိုးစုံနှင့် နို့နှင့် နို့ထွက်ပစ္စည်း အစရှိသည့် အစားအသောက် အမျိုးအစားများကို ရောင်းချရန် ဆိုပြီးတော့ ကျွန်တော်တို့ မြန်မာ့ရိုးရာ အစားအသောက်တွေ မုန့်မျိုးစုံတွေကို အလေးပေးပြီးတော့ ဦးစားပေး၊ အားပေး ဆောင်ရွက်လျက်ရှိပါတယ်။

အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများနှင့်မိဘများ အာဟာရနှင့် ကျန်းမာရေး ဆိုင်ရာ ဗဟုသုတများ ပိုမိုရရှိလာစေရေး၊ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့် ညီညွတ် သော အစားအစာများကို ရွေးချယ်စားသုံးတတ်စေရေးနှင့် အာဟာရပြည့်ဝသော ဒေသထွက် အစားအစာများကို ပိုမိုလက်လှမ်းမီနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ (၅)နှစ်စီမံကိန်း ၂၀၁၈ - ၂၀၂၃ ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရပါမယ်။ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့အတွက် ရေးဆွဲ ပြီးစီး၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ တွင်လည်း ဆက်လက်တိုးချဲ့ ဆောင်ရွက်ရန် လျာထားစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနှင့်လည်း စားသုံးသူအခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ပေးနိုင် ရေးအတွက် စားသုံးသူကာကွယ်ရေးဥပဒေအသစ်ကို ၁၅-၃-၂၀၁၉ ရက်နေ့မှာ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၉ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ငန်းတာဝန်များ နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။

ထိုသို့ ဆောင်ရွက်ရာမှာလည်း စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ရပ်ကွက်များ၊ ဈေးများ၊ စက်ရုံ၊ အလုပ်ရုံများမှာ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ ဈေးကွက် စောင့်ကြည့်လေ့လာခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ စားသုံးသူ တိုင်ကြားမှုများအား ဥပဒေနှင့်အညီ ဖြေရှင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်များအတွင်းရှိ အခြေခံပညာ ကျောင်းများ၌ အသိပညာပေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးခြင်း (၃၂၈၀)ကြိမ် ဆောင်ရွက်ခဲ့ပြီးကြောင်း တွေ့ရှိရပါတယ်။

ထို့အပြင် စားသုံးသူကာကွယ်ရေးဥပဒေ၌ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာဘေးထွက် ဆိုးကျိုး သို့မဟုတ် ခေတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်အသိပေးချက်၊ မြန်မာဘာသာ ဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် ခေတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်အသိပေးချက်များအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် တိုင်းရင်းသားဘာသာ တစ်ခုခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြရန် ပြဋ္ဌာန်းထားရှိပြီး ယင်းပြဋ္ဌာန်းချက် များမှာ ၁၆-၃-၂၀၂၀ ရက်နေ့တွင် စတင်အာဏာသက်ရောက်မည်ဖြစ်သည့်အတွက် ကျောင်းမုန့် ဈေးတန်းအပါအဝင် ဈေးကွက်အတွင်း အန္တရာယ်ရှိနိုင်တဲ့ အသင့်စားမုန့်များပပျောက်စေရန် ဥပဒေ နှင့်အညီ စစ်ဆေးအရေးယူ ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ပေါင်းစပ်ဖြေကြားထားရှိပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ပြည်သူ လူထု၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်နိုင်ရေးအတွက် အခြေခံကျသည့် ကျောင်း ကျန်းမာရေးလုပ်ငန်းများကို အောက်ပါအကြောင်းအရင်းများကြောင့် အဓိက ဦးစားပေးလုပ်ငန်း အဖြစ်သတ်မှတ်ပြီး တစိုက်မတ်မတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်း၊ မသန်စွမ်းမှုကို လျှော့ချခြင်းနှင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများအတွက် ပြန်လည်ထူထောင်ခြင်းဟူ၍ရှိရာ ကျောင်းကျန်းမာရေးလုပ်ငန်း သည် ကြိုတင်ကာကွယ်ခြင်း (Preventive) သို့မဟုတ် ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း (Health Promotion)အတွက် အခြေခံကျသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတစ်ခုဖြစ်ခြင်း၊ ကျောင်း အခြေပြု အခြေခံကျန်းမာရေးစောင့်ရှောက်မှုများသည် ပဏာမကျန်းမာရေးစောင့်ရှောက်မှု (Primary Health Care) ၏ အဓိကကဏ္ဍတစ်ခုဖြစ်ခြင်း၊ အမူအကျင့်များသည် ကျန်းမာရေးနှင့် ညီညွတ်သည့် အမူအကျင့်ဖြစ်စေ၊ ကျန်းမာရေးကို ထိခိုက်စေသည့် အမူအကျင့်ဖြစ်စေ၊ ငယ်ရွယ်စဉ် ကတည်းကပင် ရရှိဖွံ့ဖြိုးလာပြီး ရရှိလာသည့်အမူအကျင့်များသည် အရွယ်ရောက်ပြီးသည်အထိ အကျိုးသက်ရောက် မှုရှိစေသည့်အတွက် ကျောင်းသား လူငယ်အရွယ်သည် ကျန်းမာရေးနှင့် ညီညွတ်သည့် အမူအကျင့် များကို ပြုစုပျိုးထောင်ပေးရန် အကောင်းဆုံးအရွယ်ဖြစ်ခြင်း၊ ၎င်းအမူအကျင့်များသည် ကျောင်းသား များမှတစ်ဆင့် မိသားစုဝင်များနှင့် ပြည်သူလူထုထံသို့ တိုက်ရိုက်ရောက်ရှိစေနိုင်ခြင်း၊ ကျောင်း များသည် အမူအကျင့်များကို သင်ကြားလေ့ကျင့်ပေးရန် လူအများ တစ်စုတစည်းတည်း ရှိပြီးဖြစ်နေ ခြင်း၊ ဥပမာ မြန်မာနိုင်ငံ သန်းခေါင်စာရင်း ၂၀၁၄ ခုနှစ်အရ မြန်မာနိုင်ငံတွင် မူလတန်းပညာရေး အတွက် ၂၀၁၄ တုန်းက Net enrollment rate (၈၆.၄) ရာခိုင်နှုန်းရှိပါတယ်။ မနှစ်က ၂၀၁၉ ခုနှစ်ရဲ့ စာရင်းအရဆိုရင် Net enrollment rate ကဆိုလို့ရှိရင် (၉၃) ရာခိုင်နှုန်းကျော်ရှိပါတယ်။

ဒါကြောင့်မို့လို့ မူလတန်းအရွယ်ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းများတွင် တစ်စုတစည်းတည်း ရှိနေခြင်း၊ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာစွာပညာသင်ယူနိုင်ရန် အတွက် မြန်မာနိုင်ငံ၏ ပညာရေးရည်မှန်းချက်များ ပြည့်မီစေရေးအတွက် အထောက်အကူဖြစ် စေခြင်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းများသည် ခုရေတွင်းတူး၊ ခုရေကြည်သောက်ရသကဲ့သို့ အကျိုးတရားကို ချက်ချင်းမမြင်သာနိုင်သော်လည်း ကျောင်းသားလူငယ်များသည် ကျန်းမာရေးကို ထိခိုက်စေသည့် အမူအကျင့်များကို ရှောင်ရှားနိုင်ပြီး ကျန်းမာရေးဖြင့် ညီညွတ်စွာ နေထိုင်၊ ပြုမူ၊ ရွေးချယ်၊ စားသောက်တတ်စေသည့်အတွက် ရောဂါများကို ကြိုတင်ကာကွယ်နိုင်သည့်အပြင် ရောဂါဖြစ်နိုင်ခြေရှိသည့် သို့မဟုတ် ရောဂါဖြစ်နေသည့် ကျောင်းသားလူငယ်များကို အချိန်မီ ဆောလျင်စွာ ကုသပေးပို့နိုင်သည့်အတွက် ရေရှည်အကျိုးသက်ရောက်မှုအနေဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေး အဆင့်အတန်းကို မလွဲမသွေ မြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။

ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းမုန့်ဈေးတန်းများစီမံချက်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ တစ်နိုင်ငံလုံးရှိ အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်များရှိ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေး နှင့်ညီညွတ်သော ကျောင်းမုန့်ဈေးတန်းများစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ၂၀၂၀ ပြည့်နှစ်မှစတင်၍ ၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရေးအတွက် လျာထားသတ်မှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်ပြီးစီး လျာထားချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ် မုန့်ဈေးတန်းရှိသော ကျောင်းများသာ လျာထားသတ်မှတ်ထားရှိပါတယ်။

ဆောင်ရွက်ပြီးစီးမှု လျာထားချက်မှာ ၂၀၂၀-၂၀၂၁ ပညာသင်နှစ် မုန့်ဈေးတန်းရှိသော ကျောင်းများသာ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် မြို့ပေါ်ရှိ ကျောင်းများအားလုံးကို လည်းကောင်း၊ ကျေးလက်ဒေသကျောင်းများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျန်ရှိသော ကျေးလက်ဒေသရှိကျောင်း များအားလုံး ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းမုန့်ဈေးတန်းများ ဖန်တီးနိုင်ရေး အတွက် သက်ဆိုင်ရာမြို့နယ်၊ ကျောင်းကျန်းမာရေးကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နီးနွှယ်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျောင်းဈေးသည်များ၊ စေတနာရှင်အသင်းအဖွဲ့လူပုဂ္ဂိုလ်များ ပူးပေါင်း၍ ခေတ္တလှုပ်ရှားမှုမျိုးမဟုတ်ဘဲ ရေရှည်ထိန်းသိမ်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် အနာဂတ် တွင် ရုပ်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှုတွင်သာမက ဉာဏ်ရည်ပြည့်ဝသော တိုင်းပြည်ရဲ့ အနာဂတ်များ ပေါ်ထွန်းလာနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်းများတွင် ကျန်းမာရေးနှင့် ညီညွတ်တဲ့ ကျောင်းမုန့်ဈေးတန်းများ ဖန်တီးပေးခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများသည်

ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ရွေးချယ်စားသုံးတတ်စေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းမုန့်ဈေးတန်းများမှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ရောင်းချသူများအားလုံးရဲ့ ကျန်းမာရေးအသိပညာ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းမုန့်ဈေးတန်း အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါတယ်။ ယခုအခါမှာလည်း ကျောင်းတွေ ပြန်ဖွင့်ဖို့ စီစဉ်တဲ့အခါမှာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ လိုက်နာရမယ့်အချက်တွေမှာ မုန့်စားနားချိန်နှင့် ထမင်းစား နားချိန်တွေမှာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမယ့်အချက်အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဈေးရောင်း၊ ဈေးဝယ်များ လိုက်နာ ရမည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိတဲ့ ကျောင်းမုန့်ဈေးဆိုင်တွေကိုတော့ ဖွင့်လှစ်ခွင့်မပြု ပါဘူး။ ကျောင်းသား၊ ကျောင်းသူတွေကိုလည်းပဲ ဖြစ်နိုင်မယ်ဆိုရင် တစ်ဦးနှင့်တစ်ဦး (၆)ပေကွာ ပြီးတော့ နေထိုင်ရမှာဖြစ်တဲ့အတွက် မုန့်စားဆင်းချိန်မှာ အိမ်မှစီစဉ်၍ ယူဆောင်လာသော အစာ အာဟာရများဖြစ်တဲ့ ရေ၊ မုန့်၊ နေ့လယ်စာတို့ကို မိမိအတန်း၊ စာသင်ခုံတွင်သာ တစ်ဦးချင်း သီးခြား စားသုံးစေမှာဖြစ်ပါတယ်။ စုပေါင်းစားသုံးခြင်းကို လုံးဝခွင့်မပြုပါဘူး။ အစာမစားမီနှင့် စားပြီးချိန် မှာလည်း ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စက္ကန့်(၂၀)ကြာအောင် စနစ်တကျ ဆေးကြောဖို့နဲ့ ရေနှင့်ဆပ်ပြာကို အလွယ်တကူမရနိုင်ပါက ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ရေမရှိ တဲ့ကျောင်း စုစုပေါင်း(၇၀၀၀)ကျော်ကို Alcohol အနည်းဆုံး (၆၀)ရာခိုင်နှုန်းပါဝင်တဲ့ လက်သန့် ဆေးရည်တွေကို ဖြန့်ဝေပေးပြီးတော့ အသုံးပြုပြီး ခြောက်တဲ့အခါမှသာ အစားအစာကို ကိုင်တွယ် စားသုံးဖို့အတွက်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာန များနှင့် ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင် ရဲ့ မေးခွန်းအပေါ် ပြန်လည် ရှင်းလင်း ဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေခွဲဝေပေးမှုမှာ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်မှ ကျောင်းဆောင်အသစ်ဆောက်လုပ်ရန် (၁၁)ကျောင်း၊ တိုးချဲ့အသစ်ဆောက်လုပ်ရန် (၁)ကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် (၁)ကျောင်း၊ စုစုပေါင်း (၁၃)ကျောင်းအတွက် ငွေကျပ်သန်းပေါင်း(၈၂၀.၅)သန်း လျာထားဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှာ (၇၇ x ၃၀)ပေ သွပ်မိုး၊ အုပ်ညှပ်နှစ်ထပ်ဆောင်(၁)ဆောင်၊ (၉၀ x ၃၀)ပေ သွပ်မိုး၊ အုပ်ညှပ် တစ်ထပ်

ဆောင်(၁)ဆောင်၊ (၃၆ x ၂၂)ပေ သွပ်မိုး၊ အုပ်ညှပ်တစ်ထပ်ဆောင်(၁)ဆောင်၊ စုစုပေါင်း ကျောင်းဆောင်(၃)ဆောင်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူဦးရေအနေဖြင့် အလယ်တန်းအဆင့် ပညာသင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၂၆၀)ဦး၊ မူလတန်းအဆင့်ပညာသင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၁၇၅)ဦး၊ စုစုပေါင်း (၄၃၅)ဦးရှိပါတယ်။

အဆိုပါကျောင်းမှာ လိုအပ်နေတဲ့ ကျောင်းဆောင်ဖြစ်တဲ့ (၉၀ x ၃၀)ပေ Steel Structure တစ်ထပ်ကျောင်းဆောင်(၁)ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေခေါင်းစဉ်အောက်မှာ မြို့နယ်ဦးစားပေး အစီအစဉ်အရ စိစစ်၍ ထည့်သွင်းလျာထား ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်၍ ယခု COVID – 19 ကူးစက်မြန်ရောဂါ ကာလမှာလည်းပဲ အခြေခံပညာကျောင်းတွေကို ပြန်ဖွင့်ဖို့ စီစဉ်တဲ့အခါမှာ ဇူလိုင်လကစပြီး အထက်တန်းကျောင်းများ ဦးစားပေးဖွင့်ပြီး အဲဒီ အခြေအနေ အားသာချက်နဲ့ အခက်အခဲတွေအပေါ်မှာ မူတည်ပြီး ပြန်လည်ဖြည့်ဆည်းပြီး အလယ်တန်းအဆင့်၊ မူလတန်းအဆင့်ကျောင်းတွေကိုလည်း အဆင့်ဆင့် ဖွင့်လှစ်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။ အဲဒီလို စီစဉ်ဆောင်ရွက်တဲ့အခါမှာ စာသင်ခန်းတွေ ပိုမိုလိုအပ်နိုင်ကြောင်း တွေ့ရှိနိုင်ပါတယ်။ သို့သော်ရှိနေတဲ့ ဆရာ၊ ဆရာမအင်အား စာသင်ခန်းအင်အားနဲ့ စာသင်ခန်း (၁)ခန်းကို ပုံမှန်အထက်တန်း၊ အလယ်တန်းကျောင်းတွေဆိုရင် (၃၀ x ၂၄)ပေ ဖြစ်ပါတယ်။ ဒါကြောင့် (၇၂၀)စတုရန်းပေဖြစ်တဲ့အတွက်ကြောင့် ကျောင်းသား(၁)ဦးကို (၆)ပေပတ်လည်ဆိုရင် (၃၆)စတုရန်းပေ ဖြစ်ပါတယ်။ ဒါကြောင့် စာသင်ခန်း(၁)ခန်းကို အများဆုံး (၂၀)ဦး ဖြစ်ပါတယ်။ ဒါကတော့ ရှိတဲ့အခန်းတွေကျယ်သွားမယ်ဆိုရင် (၆)ပေစီ ကွာခြားတာကနေပြီးတော့ ဆက်ပြီးတော့ တွက်လို့ရပါတယ်။ ဒါကြောင့် ဒီအပေါ်မှာ မူတည်ပြီးတော့မှ စာသင်ခန်း(၁)ခန်းကို စာသင်ခန်းရဲ့ အတိုင်းအတာအရ ဥပမာအားဖြင့် (၃၀ x ၂၄)ပေဆိုရင် ကျောင်းသား၊ ကျောင်းသူ (၂၀)ဦးဆံ့မှာ ဖြစ်တဲ့အတွက်ကြောင့် ကျောင်းသားဦးရေအပေါ်မှာ မူတည်ပြီးတော့မှ ရှိနေတဲ့ ဆရာ၊ ဆရာမ အပေါ်မှာမူတည်ပြီး ပုံမှန်သင်နိုင်တဲ့ကျောင်းတွေစာရင်း၊ တစ်ပတ်ခြားသင်နိုင်တဲ့ ကျောင်းတွေ စာရင်း၊ ဒါမှ မဟုတ်ရင် (၂)သုတ်တက်၍ တစ်ပတ်ခြား သင်တဲ့ကျောင်းတွေစာရင်း၊ ဒါမှမဟုတ်ရင် (၂)သုတ် တက်ပြီးတော့ တစ်ပတ်ခြား(၃)ရက်တက်နိုင် တဲ့ကျောင်းတွေစာရင်း၊ SAT ဆရာ၊ ဆရာမ လုံးဝမရှိတဲ့ကျောင်းတွေ၊ အခက်အခဲရှိတဲ့ ကျောင်းတွေစာရင်းတွေကိုလည်း ပြုစုပြီးတော့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ယခုအခြေအနေမှာလည်း ကျောင်းတွေ ပြန်ဖွင့်တဲ့အခါမှာ လည်းပဲ (၂၀)ဦးစီနဲ့ သတ်မှတ်လျာထားပြီး ဥပမာအနေနဲ့ တွက်မယ်ဆိုရင်လည်းပဲ ကျောင်းတွေ အနေနဲ့ ရှိနေတဲ့ကျောင်းဆောင်၊ စာသင်ခန်း၊ ဆရာ၊ ဆရာမတွေအနေဖြင့်လည်းပဲ ဒီဟာတွေကို စီစဉ်ဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ အခြေခံပညာကျောင်းပေါင်း (၃၈၅၁)ကျောင်းကို သက်ဆိုင်ရာ ကျောင်းအဆင့်အသီးသီးသို့ အဆင့်တိုးမြှင့် အတည်ပြုပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့အဆင့်တိုးမြှင့်ပေးမှုမှာ ရခိုင်ပြည်နယ်၊ ကျောက်တော် မြို့နယ်မှ အခြေခံပညာမူလတန်းကျောင်းခွဲ (၁)ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း (၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၂)ကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်း(၂)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၄)ကျောင်း၊ အခြေခံပညာအထက် တန်းကျောင်း(၃)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၆)ကျောင်းကို ကျောင်းအဆင့် တိုးမြှင့် သတ်မှတ်ပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

သို့သော် ကျောင်းတွေကို အဆင့်တိုးမြှင့် သတ်မှတ်တဲ့မူတွေဟာ အခြေခံပညာ မူလတန်း ကျောင်း(ခွဲ)မှ အခြေခံပညာ မူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်မူမှာ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၅၅)ဦးနှင့် အထက်ရှိခြင်း သို့မဟုတ် မြေပြန့် ဒေသတွင် အနီးဆုံးကျောင်းနှင့် (၃)မိုင်အထက် ကွာဝေးခြင်း သို့မဟုတ် သွားလာရေး ခက်ခဲသော တောင်တန်း၊ မြစ်ချောင်းပေါများတဲ့ ဒေသဖြစ်လျှင် အနီးဆုံးကျောင်းနှင့် (၂)မိုင်အထက်ကွာဝေးခြင်း၊ လက်ရှိ ကျောင်းအဆင့်သက်တမ်း (၂)နှစ်ရှိမှသာ အဆင့်တိုးမြှင့်လျှောက်ထားရမည်ဖြစ်ခြင်း သို့သော် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မပါတို့ ဖြစ်ပါတယ်။ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်မူဟာ အလယ်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၂၀၀)ဦး နှင့်အထက်ရှိခြင်း သို့မဟုတ် မြေပြန့်ဒေသတွင် အနီးဆုံးအလယ်တန်း အဆင့်သင်ကျောင်းနှင့် (၃)မိုင်အထက် ကွာဝေးခြင်း သို့မဟုတ် သွားလာရေးခက်ခဲသော တောင်တန်း၊ မြစ်ချောင်း ပေါများ သည့် ဒေသဖြစ်ပါက အနီးဆုံးအလယ်တန်းအဆင့်သင်ကျောင်းနှင့် (၂)မိုင်အထက် ကွာဝေးခြင်း၊ လက်ရှိကျောင်းအဆင့်သက်တမ်း (၂)နှစ်ရှိမှသာ အဆင့်တိုးမြှင့်လျှောက်ထားရမည်ဖြစ်ခြင်း၊ သို့သော် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မပါတို့ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်ဖြူရွာသစ် အခြေခံပညာမူလတန်း ကျောင်း(ခွဲ)၏ သက်တမ်းမှာ (၄)နှစ်ရှိပါတယ်။ မူလတန်းအဆင့်သင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၄၅)ဦးရှိပါတယ်။ အနီးဆုံးကျောင်းဖြစ်တဲ့ ကျောက်ဖြူ အခြေခံပညာမူလတန်းကျောင်း နှင့် (၁)မိုင်ပဲ ကွာဝေးတာ တွေ့ရပါတယ်။ စိမ့်ကွေးချောင်း အခြေခံပညာမူလတန်းကျောင်း(ခွဲ)၏

သက်တမ်းမှာ (၆)နှစ်ရှိပါတယ်။ မူလတန်းအဆင့်သင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ(၄၅)ဦးရှိပါတယ်။ အနီးဆုံးကျောင်းဖြစ်သော တောင်မူဇီ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် (၀.၆၂၅) မိုင်ပဲ ကွာဝေးပါတယ်။ ပန်းဖဲချောင်း အခြေခံပညာမူလတန်းလွန်ကျောင်း၏ သက်တမ်းမှာ (၄)နှစ်ရှိပါတယ်။ (၄)နှစ်ရှိတဲ့အတွက် သတ်မှတ်ချက်နဲ့ ကိုက်ညီပါတယ်။ အလယ်တန်းအဆင့် သင်ယူနေသော ကျောင်းသား၊ ကျောင်းသူ (၃၆)ဦး ရှိပါတယ်။ အနီးဆုံး အလယ်တန်းအဆင့်သင်သော ကျောင်းဖြစ်တဲ့ ကန်စောက် အခြေခံပညာအထက်တန်းကျောင်းနှင့် (၁)မိုင်ခန့်ပဲ အသီးသီးကွာဝေးတာကို စိစစ်တွေ့ရှိရတဲ့အတွက်ကြောင့် ကျောက်တော်မြို့နယ် စိမ့်ကွေးချောင်း အခြေခံပညာမူလတန်းကျောင်း(ခွဲ) ကျောက်ဖြူရွာသစ် အခြေခံပညာမူလတန်းကျောင်း(ခွဲ)နှင့် ပန်းဖဲချောင်း အခြေခံပညာမူလတန်း(လွန်)ကျောင်းတို့သည် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားတဲ့ ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်မှုတွေနှင့် ကြည့်ရင်တော့ ကျောင်းသက်တမ်းတိုးတဲ့ သတ်မှတ်ချက်တွေက ရခိုင်ပြည်နယ်ဖြစ်သောကြောင့် (၁)နှစ်ဖြစ်ရမှာ ဖြစ်တဲ့အတွက် ကိုက်ညီပါတယ်။ သို့သော် ကျောင်းသားဦးရေပြည့်မီမှု သို့မဟုတ် ခရီးမိုင်အကွာအဝေး သတ်မှတ်မှုတွေနဲ့ ကိုက်ညီမှုမရှိတဲ့ အတွက်ကြောင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ ဦးစားပေးကျောင်းအနေဖြင့် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း မရှိသေးပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေခွဲဝေပေးမှုမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်မှာ ကျောင်းဆောင်အသစ် စုစုပေါင်း(၁၁)ကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် (၁)ကျောင်း၊ စုစုပေါင်းကျောင်း (၁၂)ကျောင်းအတွက် ငွေကျပ်(၁၀၁၄)သန်း ခွဲဝေဆောင်ရွက်ပေးလျက်ရှိပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် လက်ရှိကျောင်းဆောင်မှာ ကျန်စစ်သားဆောင် (၁၅၀ x ၄၅)ပေ RC တစ်ထပ်ကျောင်းဆောင် (၁)ဆောင်၊ အနော်ရထာကျောင်းဆောင် (၄၅ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်း နှစ်ထပ်ဆောင် (၁)ဆောင်၊ ဘုရင့်နောင် ကျောင်းဆောင် (၁၂၀ x ၃၀) ပေ RC တစ်ထပ်ကျောင်းဆောင် (၁)ဆောင်၊ အလောင်းဘုရားကျောင်းဆောင် (၆၀ x ၃၀)ပေ RC တစ်ထပ်ကျောင်းဆောင်နှင့် ဗန္ဓုလကျောင်းဆောင် (၆၀ x ၃၀)ပေ RC တစ်ထပ် ကျောင်းဆောင် နှင့် KG ကျောင်းဆောင် (၆၀ x ၃၀)ပေ RC တစ်ထပ် ကျောင်းဆောင်၊ စုစုပေါင်း ကျောင်းဆောင် (၆)ဆောင် ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ စာသင်ခန်းအနေနဲ့ စာသင်ခန်းစုစုပေါင်း(၁၇)ခန်းရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကျောင်းသားဦးရေမှာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်စာရင်းအရ မူလတန်းအဆင့် ပညာသင်ယူနေသော

ကျောင်းသား၊ ကျောင်းသူ (၃၃၉)ဦး၊ အလယ်တန်းအဆင့် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူ (၃၀၅)ဦးနှင့် အထက်တန်းအဆင့် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူ (၂၆၇)ဦး၊ စုစုပေါင်း (၉၁၁)ဦး ရှိကြောင်း တွေ့ရှိရပါတယ်။

သို့သော် စာသင်ခန်း (၁၇)ခန်းနှင့် ရှိနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၉၁၁)ဦးကို စိစစ်ရင်တော့ စာသင်ခန်း လုံလောက်တယ်လို့ တွေ့ရှိရသော်လည်း ကျောင်းအုပ်တို့၊ ဆရာ၊ ဆရာမ၊ ရုံးခန်းတို့အတွက်ဆိုရင်တော့ ကျောင်းဆောင်၊ စာသင်ခန်း လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ယခု ကျောင်းပြန်ဖွင့်ပါက အရန်ခန်းအနေနဲ့ (၁)ခန်းကိုလည်း ထားရှိရမှာဖြစ်တဲ့အတွက်ကြောင့် ကျောင်းစာသင်ခန်း လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှာ လိုအပ်နေတဲ့ (၁၂၀ x ၃၀) ပေ RC နှစ်ထပ် ကျောင်းဆောင်အသစ် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို အထူးကျေးဇူးတင်ရှိအပ်ပါတယ်။

**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁:၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၅။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဆိုတာ ဘယ်ဥပဒေဖြစ်ဖြစ် အကြောင်းအရာကိစ္စတစ်ရပ် ကိစ္စအများဖြစ်ဖြစ် ဦးတည်ချက်ထားပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ရေးဆွဲပြဋ္ဌာန်းကြရပါတယ်။ ရာဇဝတ်မှုကျူးလွန်တဲ့သူတွေကို ရာဇဝတ်ဥပဒေနဲ့ အရေးယူရသလို နိုင်ငံသားများ၏ရပိုင်ခွင့် တရားမဆိုင်ရာဥပဒေတို့နှင့် တရားစွဲဆိုဆောင်ရွက်ကြတာကရည်ရွယ်ရေးဆွဲပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ကြရတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဥပဒေဟာ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု၊ လုံခြုံမှုကို ကာကွယ်ပေးတဲ့ ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေကို ပြင်ဆင်ချက်တိုင်းအနေနဲ့ ပုဒ်မ ၈ မှာ တာဝန်အရ လုပ်ပိုင်ခွင့်ရှိသူ မည်သူမျှ ဆိုပြီး အစားထိုး ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ မူလဥပဒေက မည်သူမျှ ဆိုပြီး ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ အဲဒီ စကားနှစ်ရပ်ရဲ့ ကွာခြားချက်က ပြည်သူတစ်ရပ်လုံးအတွက် အဓိပ္ပာယ်ကွဲပြားခြားနားမှုဟာ ကြီးမားတဲ့ ကန့်သတ်ချက် ဖြစ်စေခဲ့ပါတယ်။ ဒီကွာခြားချက်ဟာ ဥပဒေရဲ့ရည်ရွယ်ချက်အဖြစ် ပြည်သူများနားလည်နိုင်စွမ်း မရှိကြပါဘူး။ ဘာလို့လဲဆိုရင် ဒီဥပဒေရဲ့ အမည်၊ အဓိပ္ပာယ်ဖော်ပြချက်မှာက ယခင်ပြဋ္ဌာန်းပြီး ဥပဒေမှာရော၊ ယခုပြင်ဆင်ချက်ဥပဒေမှာပါ ဤဥပဒေကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေဆိုပြီး အတိအလင်း ပြဋ္ဌာန်းထားလို့ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေရဲ့ ရည်ရွယ်ချက်ကို သီးခြားဖော်ပြ ရှင်းလင်းပြဋ္ဌာန်းထားခြင်းမရှိဘဲ နိုင်ငံသားတိုင်းလို့ ဖော်ပြလို့ နိုင်ငံသားအားလုံးအတွက် အကျိုးဝင်နေစေအောင် ပြည်သူများက ဥပဒေရဲ့ ဆိုလိုရင်းအချက်ကို မသိကြပါဘူး။ တာဝန်အရ လုပ်ပိုင်ခွင့်ရှိသူ မည်သူမျှ ဆိုပြီး ပုဒ်မ ၈ မှာ အစားထိုးပြင်ဆင်ထားရုံနဲ့ ဥပဒေရဲ့ အမည်၊ အဓိပ္ပာယ်ဖော်ပြချက်မှာ ပါတဲ့ နိုင်ငံသားများဆိုတဲ့ အဓိပ္ပာယ်ကို မလွှမ်းမိုးနိုင်ပါဘူး။ အခန်း(၁)ခန်းတိုးပြီးတော့ ရည်ရွယ်ချက်ခေါင်းစဉ်တပ်ပြီးတော့ ဥပဒေရေးထုံးနဲ့အညီ ရေးသားပြီး ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ လွှတ်တော်ကြီးက ပြဋ္ဌာန်းခဲ့ပြီးဖြစ်တဲ့ ဥပဒေများမှာ အခန်း(၁) အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်ဆိုပြီး ပြဋ္ဌာန်းထားသလို အခန်း(၂) ရည်ရွယ်ချက်ဆိုပြီးတော့ ပြဋ္ဌာန်းထားလေ့ရှိကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးများရှိစေရမည်။ ထို့အပြင် ဥပဒေရဲ့ အကာအကွယ်ကိုလည်းပဲ တန်းတူညီမျှစွာ ရယူပိုင်ခွင့်ရှိစေရမည်လို့ ပြဋ္ဌာန်းထား

သလိုပဲ ပုဒ်မ ၃၄၈ မှာ နိုင်ငံတော်သည် မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူး၊ ဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးဘာသာ၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရလို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့ မဆန့်ကျင်လျှင် လွပ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်လို့ နိုင်ငံသားတိုင်းဆိုတဲ့ စကားရပ်ကို ဖော်ပြပြီးတော့ ဥပဒေအကာအကွယ်ကို ပြဋ္ဌာန်းထားပါတယ်။ တာဝန်အရ လုပ်ပိုင်ခွင့်ရှိသူ မည်သူမျှ ဆိုတဲ့ သူမှ နိုင်ငံသား မဟုတ်ပါဘူး။ အထက်က ကျွန်တော်တင်ပြခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖော်ပြထားတဲ့သူများကလည်းပဲ နိုင်ငံသားများဖြစ်ကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဥပဒေဟာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၅)အနေနဲ့ ၈-၃-၂၀၁၇ ရက်နေ့မှာ အတည်ပြု ပြဋ္ဌာန်းခဲ့ပေမယ့် ယခု မကြာခင် ကာလအတွင်းမှာ ယခုအချိန် ပြန်လည်ပြင်ဆင်နေရခြင်းဟာ လက်တွေ့ဆောင်ရွက်ခဲ့တဲ့အခါမှာ ဥပဒေရဲ့ ရည်ရွယ်ချက်နဲ့ မကိုက်ညီဘူးဆိုပြီး ပြန်လည်ပြင်ဆင်ရတဲ့ အနေအထားမျိုးတွေ ရှိပါတယ်။ ဒီဥပဒေရဲ့ ရည်ရွယ်ချက်ကို အတိအလင်း ဖော်ပြသင့်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပညာရှင် ဘဘောတရားကနေမှ ဥပဒေတွေဟာ ရှင်လင်းပါစေ၊ ညီညာပါစေ၊ တူညီပါစေ၊ အတိအကျဖြစ်ပါစေ၊ ထိုသို့မဟုတ်ဘဲ ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ကောက်ယူခြင်း ပြုနေရလျှင် မူလဆိုလိုရင်းမှ အမြဲတစေနီးပါး သွေဖည်လွဲမှားပျက်စီးစေသည်သာ ဖြစ်တယ်လို့ မိန့်မှာခဲ့ဖူးပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အကြံပြုဆွေးနွေးထားတဲ့ အခန်း(၂) နေရာကို ဒီဥပဒေရဲ့ ရည်ရွယ်ချက်ဆိုတဲ့ ခေါင်းစဉ်နဲ့ ဥပဒေရေးထုံးနဲ့အညီ ထည့်သွင်းပြဋ္ဌာန်းလိုက်ရုံနဲ့ ဒီဥပဒေရဲ့ အနှစ်သာရတွေ၊ အဓိပ္ပာယ်တွေ၊ လွှမ်းခြုံမှုတွေ၊ အခွင့်အရေးနဲ့ ရပိုင်ခွင့်တွေ၊ ဆုံးရှုံးနစ်နာမှုတွေ ပြောင်းလဲမသွားနိုင်ပါဘူး။ ပိုမိုပြည့်စုံကောင်းမွန်တဲ့ ပြည်သူများ ကောင်းစွာနားလည်သွားနိုင်ပြီးတော့ Right and Remedy အခွင့်အရေးနှင့် ကုစားမှုရရှိနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်ဆွေးနွေးလိုတာက ပြည်သူများရဲ့ အခွင့်အရေးဆိုတာ နိုင်ငံသားတိုင်းရဲ့ ဥပဒေအခွင့်ရေးရာ ဖြစ်ပါတယ်။ ထိခိုက်နစ်နာမှုရှိရင် နိုင်ငံသားတိုင်းရဲ့ ထိခိုက်နစ်နာမှုအတွက် ဥပဒေရေးရာ ကုစားမှုဆိုတာလည်းပဲ ရှိရမှာဖြစ်ပါတယ်။ ဒီလိုကုစားမှုရရှိနိုင်ဖို့ နိုင်ငံသားတိုင်း ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်လုံခြုံခွင့် အကာအကွယ်ပေးတဲ့ ဥပဒေမှာ တာဝန်အရ လုပ်ပိုင်ခွင့်ရှိသူ မည်သူမျှ ဆိုတဲ့ အစားထိုးတဲ့ စကားရပ်အပြင် ဒီဥပဒေရဲ့ အခန်း(၁)ပြီးရင် အခန်း(၂)မှာ ဥပဒေရေးထုံးနဲ့အညီ ရှင်းလင်းစွာ ရေးသားဖော်ပြထားတဲ့ ရည်ရွယ်ချက်

ဆိုတဲ့ ပြဋ္ဌာန်းချက်အသစ် ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုတင်ပြ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၁။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် အခုဆွေးနွေးမှာကတော့ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ကျွန်တော် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပထမ ကျွန်တော် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်တွေအားလုံးကိုတော့ ကျွန်တော့်အနေနဲ့ သဘောတူပါတယ်။ ဒီထဲမှာမှ မူလဥပဒေမှာပါတဲ့ ပြင်ဆင်ချက်အချို့ကိုဥပဒေပြင်ဆင်ရင်း တစ်လက်စနဲ့ပဲ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဒီမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်အခန်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်ကို ဖွင့်ဆိုချင်ပါတယ်။ ဒီဥပဒေရဲ့ အဓိက စကားရပ်ဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုသည်မှာ ဆိုတဲ့ စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပါတယ်။ ဒီနေရာမှာ ဘာကြောင့်ဆိုတာ ဒီဥပဒေရဲ့ အဓိကဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ ကာကွယ်ရေးဥပဒေ ပုဂ္ဂိုလ် ဆိုတာ မည်သူတွေကို ဆိုသည်ဆိုတဲ့ ဥပဒေရဲ့ အဓိပ္ပာယ်ထိရောက်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့ ပုဂ္ဂိုလ်ဆိုသည်မှာ ဆိုတဲ့ စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်ကို ဖွင့်ဆိုချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီ ပုဂ္ဂိုလ်ဆိုတဲ့ စကားရပ်ကို ပုဒ်မ ၅(ခ)နဲ့ ပုဒ်မ ၈(ဂ)မှာ ပုဂ္ဂိုလ်တစ်ဦးလို့ သုံးစွဲထားပြီးတော့ ပုဒ်မ ၈(ခ)နဲ့ ပုဒ်မ ၈(စ)၊ ပုဒ်မ ၈(ဆ)မှာကျတော့ နိုင်ငံသားတစ်ဦးလို့ သုံးစွဲထားခြင်းအားဖြင့် ပုဂ္ဂိုလ်ဆိုတာ နိုင်ငံသားဥပဒေအရ အကျုံးဝင်တဲ့လူတွေပါသလား သို့မဟုတ် နိုင်ငံခြားသားတွေ ပါသလား၊ အခြားဌာနတွေ၊ အဖွဲ့အစည်းတွေ ပါသလား ဆိုတဲ့ဟာကို ကွဲကွဲပြားပြား သိဖို့လိုတယ်။ ဧည့်နိုင်ငံသားတွေပါသလား၊ ဧည့်နိုင်ငံသားပြုခွင့်ရသူတွေရော ပါသလား ဆိုတာလည်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုပါတယ်။ ဒါမှသာ ဒီဥပဒေကို ကျင့်သုံးတဲ့အခါမှာ ပိုမိုထိရောက်မှာဖြစ်ပါတယ်။ ဒါကြောင့် ပုဂ္ဂိုလ် ဆိုသည်မှာ နိုင်ငံသား လူပုဂ္ဂိုလ်ကို ဆိုသည်လို့ ဒါကိုဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။

နောက် ပြင်ဆင်ချက်တစ်ခုကတော့ မူလဥပဒေ ပုဒ်မ ၃ မှာပါတဲ့ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဆိုတဲ့ စကားရပ်ရဲ့ နောက်မှာ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စာချုပ်စာတမ်းများပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုအပြည့်အဝ ရရှိခံစားခွင့်ရှိသည်လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

နောက်ထပ် မူလဥပဒေ ပုဒ်မ ၅(ခ)ကို ပြင်ဆင်လိုပါတယ်။ ဒီ ၅(ခ)မှာ နေအိမ်အဖြစ် အသုံးပြုသော အခန်းဆိုတဲ့ စကားရပ်ကို လူနေအိမ်အဖြစ် အသုံးပြုသည့် တဲ သို့မဟုတ် အခန်း လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ ပုဒ်မ ၅၊ ပုဒ်မ ၈ မှာပါတဲ့နေအိမ် ဆိုတဲ့ စကားရပ်ကို လူနေအိမ်အဖြစ် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၈(က)အရ ဖော်ပြထားတဲ့ နိုင်ငံသားတစ်ဦး၏ နေအိမ်အဖြစ် အသုံးပြုသည့် အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံကို ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် လူတစ်ဦးဦးအား ဖမ်းဆီးခြင်း မပြုရဆိုတဲ့ စကားရပ်ကို လူတစ်ဦးအား ဖမ်းဆီးခြင်းပြုရာတွင် ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)နှင့် ဆန့်ကျင်ခြင်း မပြုရလို့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ပုဒ်မ ၈(ဂ)မှာ ပြင်ဆင်လိုတာကတော့ မူလဥပဒေမှာက ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးကြား ဆက်သွယ်ရေး ပစ္စည်းကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောဆိုခြင်းကို ကြားဖြတ်နားထောင်ယူခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေးခြင်း မပြုရဆိုတဲ့ စကားရပ်မှာ ဆက်သွယ်ပြောဆိုလိုခြင်းဆိုတဲ့ စကားရပ်ရဲ့နောက်မှာ ဆက်သွယ်ခြင်းကိုဖြစ်စေ၊ ပြောကြားခြင်းကို ဖြစ်စေ ဆိုတဲ့ စကားရပ်ကို ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နား

ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၁၁:၂၆ နာရီအချိန်တွင် ရပ်နားပါသည်။]